ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ (25-10-2010) (၆၅၆၂)

မြန်မာနိုင်ငံအနေဖြင့် လူမှုရေးတရားမျှတမှု၊ စီးပွားရေးတိုးတက်မှုနှင့် ကမ္ဘာ့သူ ကမ္ဘာ့သားများ၏ ဘဝအဆင့်အတန်း မြင့်မားမှုတို့အတွက် ကုလသမဂ္ဂ၏ အရေးပါသည့်အခန်းကဏ္ဍကို ယုံကြည်မှုအပြည့်အဝရှိ

နေပြည်တော်   အောက်တိုဘာ   ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၆၅) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ယနေ့သည် ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သည့် (၆၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်ပါသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ကုလသမဂ္ဂနေ့ အခါသမယတွင် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းအား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် (၆၅)နှစ်က ယနေ့ကဲ့သို့ မင်္ဂလာရှိသည့်နေ့ရက်တွင် ကုလသမဂ္ဂအဖွဲ့ကြီး စတင်ပေါ်ပေါက်ခဲ့ပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရန်၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ဖော်ဆောင်ရန်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဟူသည့် မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

အေးရွာဝေါလ်ဆိပ်ကမ်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အေးရွာဝေါလ်ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရန်ကုန်ဆိပ်ကမ်း တိုးချဲ့ရေးလုပ်ငန်းကို စီမံကိန်းဖြင့် စနစ်တကျ စတင်တိုးချဲ့ဆောင်ရွက် ရေရှည်တွင် တန်ချိန် ၃၅၀၀၀ ရှိသော သင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများဖြစ်ရန်စီမံ ဆိပ်ကမ်းလုပ်ငန်းများ တိုးချဲ့လာသည်နှင့်အမျှ ဝင်/ထွက်လာသည့်ကုန်များကို မြန်မြန်ဆန်ဆန် ရှင်းလင်းဆောင်ရွက် အဆင့်မြှင့်တင်ဆောင်ရွက်ထားသည့် ဆိပ်ကမ်းများ ရေရှည်တည်တံ့မှုနှင့် သာယာသန့်ရှင်းမှုကို စဉ်ဆက်မပြတ်ထိန်းသိမ်း

ရန်ကုန်   အောက်တိုဘာ   ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၅-၁၀-၂၀၁၀
(တနင်္လာနေ့)

နိုင်ငံသားတို့၏ အခွင့်အရေး ဆန္ဒမဲပေးကြစို့

ပြည်သူတို့ လိုလားတောင့်တစွာ စောင့်စားလျက်ရှိသည့် ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းကြတော့မည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော အများဆန္ဒဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးပြုမည့် ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးရွေးချယ်ကြမည်ဖြစ်သည်။

ရွေးကောက်ပွဲ ဥပဒေသတ်မှတ်ချက်နှင့် ကိုက်ညီသည့် မြန်မာနိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ပြီး အသက်(၁၈)နှစ် ပြည့်သူတိုင်း ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားသည်။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် မဲစာရင်းများ ပြုစုပြီး အများပြည်သူ ကြည့်ရှုသိရှိနိုင်ရန် ကြော်ငြာသင်ပုန်းများတွင်ကပ်၍ ကြေညာပေးခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ ၇ ရက်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားမည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူတိုင်း မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်၍ ဆန္ဒမဲပေးကြမည်။ မဲရုံပရဝဏ်အတွင်း ရောက်ရှိပြီး မိမိအမည်စာရင်းဘေးတွင် လက်မှတ်ရေးထိုး၍ ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်း၊ လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဝင်၍ ရွေးချယ်လိုသော ကိုယ်စားလှယ်အမည်နှင့် သင်္ကေတဘေးရှိ ကွက်လပ်တွင် အမှန်ခြစ်(✔)ပြီး ခေါက်ချိုးခေါက်၍ မဲပုံးထဲထည့်ခြင်းတို့ကို လွှတ်တော်တစ်ဆင့်ချင်းစီအလိုက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ သွားရောက်မဲမပေးနိုင်သူများအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ထားရှိသည်။ အသက်အရွယ် ကြီးရင့်သူ၊ ရောဂါဝေဒနာကြီး ခံစားနေရသူ၊ ဆေးရုံတက်ရောက်နေသူ၊ မဲစာရင်းရှိရာ အရပ်ဒေသ၏ ပြင်ပ အခြားမြို့နယ်ရပ်ရွာများ၊ ပြည်ပနိုင်ငံများတွင် အမြဲ (သို့မဟုတ်) ယာယီတာဝန်ထမ်းရွက်နေရသူ စသည့် မဲဆန္ဒရှင်များ အခွင့်အရေး မဆုံးရှုံးစေရန် စီစဉ်ပေးထားခြင်းဖြစ်သည်။

မဲဆန္ဒရှင်များ၏ ဆန္ဒမဲသည် လေးနက်တန်ဖိုးရှိသည့်အတွက် ပယ်မဲများ မဖြစ်စေရေး သတိပြုကြရမည်ဖြစ်သည်။ ကော်မရှင်က အတည်ပြုထားသည့် ဆန္ဒမဲလက်မှတ်မဟုတ်ခြင်း၊ မဲရုံမှူးလက်မှတ်မပါခြင်း၊ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားခြင်း၊ ဆန္ဒပြုသည့် အမှန်ခြစ်(✔)အမှတ်အသား မပါခြင်း၊ မထင်ရှား မသေချာခြင်း၊ မဲလက်မှတ်အတုဖြစ်နေခြင်း၊ ဆန္ဒမဲပေးသူသိအောင် အမှတ်အသားပြုလုပ်ထားခြင်း၊ စုတ်ပြဲနေခြင်း၊ ဆုတ်ဖြဲထားခြင်းတို့ကို ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပေသည်။

လွှတ်တော်အသီးသီးအတွက် နိုင်ငံရေးပါတီများမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော် ရှိနေပြီ။ ဆန္ဒပေးရွေးချယ်ခြင်းသည် မဲဆန္ဒရှင် နိုင်ငံသားတိုင်းတို့၏ အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ပြည်သူတိုင်း ရရှိနေသည့် ဒီမိုကရေစီ အခွင့်အလမ်းဖြစ်သည်။ နိုင်ငံနှင့်လူမျိုး တိုးတက်ရေး ကိုယ်ကျိုးမဖက် စွမ်းဆောင်နိုင်မည့် ကိုယ်စားလှယ်လောင်းများအား မှန်ကန်စွာ တွေးခေါ် ဆန္ဒမဲပေးရွေးချယ်ကြခြင်းဖြင့် ဒီမိုကရေစီ အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းရရှိလာမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆုများပေးအပ်ပွဲကို အောက်တိုဘာ ၁၆ရက်က ကျင်းပရာ ၁၂နှစ်ဆက်တိုက် ခွင့်မယူ ကျောင်းတက်မှန်ဆုရရှိသူ အလယ်တန်းပြဆရာမ ဒေါ်စန်းရီအား ကျောင်းအုပ်ဆရာကြီး ဦးညီလေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

လူနေမှုပုံစံနှင့် အများပြည်သူတို့၏ ရွေးချယ်မှုပြပွဲ-၂၀၁၀တွင် ARCHER ချည်သား ရှပ်အင်္ကျီမျိုးစုံလုပ်ငန်းပြခန်း ပါဝင်ပြသစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေါင်းတည်မြို့နယ်အတွင်းရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများ ဒုတိယဝန်ကြီး ဒေါက်တာမြဦး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျောင်းကုန်းရွာ ဘိုးသာအောင်ကုန်းအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိ၍ သားဖွားခန်းနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းတည်မြို့နယ် တောင်ဘို့လှကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပေါင်းတည်မြို့နယ် သဖန်းကုန်းကျေးလက်ကျန်းမာရေးဌာန၊ ပေါင်းတည်မြို့နယ် ကိုယ်ဝန်ဆောင် ကျေးလက်ကျန်းမာရေးဌာနတို့၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးလက်ကျန်းမာရေးဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပေါင်းတည်မြို့နယ် မှတ်တိုင် တိုက်နယ်ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံ၏ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဆေးသိုလှောင်ရေးဌာနများကို ကြည့်ရှုစစ်ဆေးပြီး ကြာနီကန် ကျေးလက်ကျန်းမာရေးဌာန အသစ်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပေါင်းတည်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဆေးသိုလှောင်ခန်းများကို စစ်ဆေးသည်။ ဒုတိယဝန်ကြီးသည် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ရေးလုပ်ငန်းများ၊ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အသင်းဝင်များကို တွေ့ဆုံရာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာလူထုနှင့် မိခင်နှင့် ကလေး ကျန်းမာရေးကို အလေးထားဆောင်ရွက်ရန်၊ မိခင်များ အာဟာရပြည့်ဝစေရေးအတွက် သံဓာတ်၊ ဖောလစ်အက်စစ်၊ ဗိုက်တာမင်-ဘီ-၁၊ အိုင်အိုဒင်းဆားများကို စားသုံးရန်၊ အိမ်တိုင်း ယင်လုံအိမ်သာအသုံးပြုရန်၊ သန့်ရှင်းသော သောက်သုံးရေသုံးစွဲရေးနှင့် လက်ဆေးသည့် အလေ့အကျင့်ကောင်းများ တည်ဆောက်ရန်၊ မိခင်တိုင်း ရာနှုန်းပြည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပြသရန်၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်တို့ကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်း၊ အတွင်းရေးမှူး ဦးတင်ဦးနှင့် တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်း မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်းက အမှာစကား ပြောကြားပြီး ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ရေး၊ ဆန္ဒမဲလက်မှတ်များကို ခရိုင်အလိုက် စိစစ်ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲနေ့မတိုင်မီ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာ ခရိုင်များသို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်သည့် ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ARCHER CASUAL WEAR PRODUCT လူနေမှုပုံစံနှင့် အများပြည်သူတို့၏ ရွေးချယ်မှုပြပွဲ-၂၀၁၀တွင် ပါဝင်ပြသ

ရန်ကုန် အောက်တိုဘာ ၂၄

ARCHER CASUAL WEAR PRODUCT (ချည်သားရှပ်အင်္ကျီ မျိုးစုံလုပ်ငန်း)သည် အောက်တိုဘာ ၂၂ရက်မှ ၂၅ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသသော လူနေမှုပုံစံနှင့် အများပြည်သူ၏ ရွေးချယ်မှုပြပွဲ-၂၀၁၀တွင် ပါဝင်ပြသသည်။

ARCHER CASUAL WEAR PRODUCT (ချည်သား ရှပ်အင်္ကျီမျိုးစုံလုပ်ငန်း)သည် ARCHER အမှတ်တံဆိပ် အမျိုးသား၊ အမျိုးသမီးဝတ် ရှပ်အင်္ကျီ အရောင်အသွေးမျိုးစုံ၊ ဆိုဒ်မျိုးစုံတို့ကို တန်ဖိုးချိုသာစွာဖြင့် ပြပွဲကာလအတွင်း အထူးလျှော့ဈေးအပြင် လက်ဆောင်ပစ္စည်းများဖြင့် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ကြောင်း၊ ၎င်းပြင် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီလုပ်ငန်းနှင့် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကိုလည်း ဆောင်ရွက်ပေးနေကြောင်း၊ ချည်သားပိတ်စမျိုးစုံကို ထိုင်းနိုင်ငံမှ တင်သွင်းကာ အင်္ကျီအထည်မျိုးစုံ ချုပ်လုပ်ဖြန့်ချိနေပြီး ပြပွဲကာလအတွင်း လာရောက်လေ့လာ ဝယ်ယူသူများအား အထူးလက်ဆောင်ပစ္စည်းများပေးရန် စီစဉ်ထားကြောင်း၊ ARCHER အမှတ်တံဆိပ်အင်္ကျီမျိုးစုံကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာအနီး နှင်းဆီလမ်း တိုက်(၄) အခန်း(၃) ဖုန်း-၇၃၀၅၈၉၆၃တွင် အရောင်းပြခန်းဖွင့်လှစ်ကာ ဖြန့်ချိရောင်းချနေကြောင်းနှင့် ရုံးချုပ်ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း(၅၀) အမှတ် (၁၈၅) (မြေညီထပ်) ဖုန်း-၃၉၈၇၆၆နှင့် ၂၉၉၉၄၆တို့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

အထက(၁) အင်းစိန် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

အမှတ်(၁) အစိုးရအထက်တန်းကျောင်း အင်းစိန်တွင် ပညာသင်ယူခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၂ရက်တွင် အထက(၁) အင်းစိန်၌ ကျင်းပမည်ဖြစ်ရာ တနင်္ဂနွေနေ့တိုင်း အထက(၁) အင်းစိန်၌ အစည်းအဝေးများ ကျင်းပလျက်ရှိသည်။ အာစရိယပူဇော်ပွဲအတွက် Dr နိုင်ဝင်း ဖုန်း-၀၉-၅၁၂၇၄၇၇၊ ဦးတင့်စိန်ဖူး ဖုန်း-၇၃၀-၂၀၈၂၉၊ ဦးစောပြည်သိမ်း ဖုန်း-၆၄၃၇၆၃၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၀၃၄၁၄၊ ဦးစိုးနိုင်မြင့်(သီရိစန္ဒာ) ဖုန်း-၀၉-၅၄၁၁၇၇၁၊ ဒေါ်ခင်လှသိန်း ဖုန်း-၇၃၀-၆၀၁၆၉ နှင့် ဒေါ်ခင်စန်းမူ ဖုန်း-၇၃၀-၉၄၆၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ရေဦးမြို့ အထက (၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

ရေဦးမြို့ အထက(၁) ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဦးကိုကိုကြီး ဖုန်း-၀၁-၅၀၁၇၁၁၊ ဦးသန်းခွဲ့ ဖုန်း-၀၁-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၀၁-၇၀၃၃၄၁၊ ဦးမျိုးမောင်မောင် ဖုန်း-၀၉-၅၁၅၆၂၁၅၊ ဦးအောင်စိုးဝင်း ဖုန်း-၀၁-၆၆၀၆၄၀၊ ဦးမြင့်သန်း ဖုန်း-၀၉-၅၀၅၂၆၄၂၊ ဒေါ်ညိုညိုဝင်း ဖုန်း-၀၁-၆၉၁၅၆၅၊ ဒေါ်အမြိုင် ဖုန်း-၀၁-၅၁၀၈၀၈၊ ဦးကျော်ဝင်း ဖုန်း-၀၂-၅၄၁၇၈၊ ရွှေဘိုဦးမျိုးသိန်းကို ဖုန်း-၀၉-၂၁၀၀၇၇၀၊ ဒေါ်ငွေငွေမြင့် ဖုန်း-၀၇၅-၄၀၀၁၆နှင့် ဦးသောင်း ဖုန်း-၀၇၅-၄၀၂၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ယခု မျက်မှောက်ကာလတွင် ကုလသမဂ္ဂသည် နိုင်ငံပေါင်း ၁၉၂ နိုင်ငံကို ကိုယ်စားပြုသည့် အကြီးဆုံးအဖွဲ့အစည်းကြီးဖြစ်ပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာမခံချက်ရရှိရေးနှင့် ကမ္ဘာပေါ်ရှိ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် အကောင်းဆုံးအဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် ဗဟိုဌာနအနေဖြင့် တည်ရှိနေပါသည်။ ကမ္ဘာ့နိုင်ငံများအချင်းချင်း အပြန်အလှန် အမှီသဟဲပြုမှုတစ်နေ့တခြား များပြားလာသည်နှင့်အမျှ ကမ္ဘာ့ရေးရာများတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါလာမည်ဖြစ်ပါသည်။

ယနေ့အခါတွင် ကမ္ဘာ့စီးပွားရေးကျဆင်းမှုမှ ပြန်လည်နာလန်ထူလာပြီဖြစ်သော်လည်း နိုင်ငံများစွာအနေဖြင့် ခက်ခဲသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ဝင်ငွေနည်းပါးသည့်နိုင်ငံများအနေဖြင့် စီးပွားရေးကျဆင်းမှုမှ ပြန်လည်ရုန်းထွက်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်း၏ဒဏ်ကို အခံစားရဆုံးဖြစ်ပြီး ယင်းအခြေအနေကြောင့် ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များကို သတ်မှတ်ချိန်အတွင်း ပြည့်မီရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများကို ပိုမိုခက်ခဲစေမည်ဖြစ်ပါသည်။

ထောင်စုနှစ်ကြေညာချက်ကို ၂၀၀၀ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့ချိန်မှစ၍ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုများမှာ ညီညာမှုမရှိပါ။ ကမ္ဘာ့စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး မညီမျှမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိက အခက်အခဲတစ်ရပ်ဖြစ်နေပါသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်အကျပ်အတည်း စသည့် ပြဿနာရပ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထောင်စုနှစ်ရည်မှန်းချက်အကောင်အထည်ဖော်မှုဆိုင်ရာ အောင်မြင်မှုများအပါအဝင် ရရှိပြီးဖြစ်သည့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ထိပါးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူမှုရေးတရားမျှတမှု၊ စီးပွားရေးတိုးတက်မှုနှင့် ကမ္ဘာသူကမ္ဘာသားများ၏ ဘဝအဆင့်အတန်း မြင့်မားမှုတို့အတွက် ကုလသမဂ္ဂ၏ အရေးပါသည့်အခန်းကဏ္ဍကို ယုံကြည်မှုအပြည့်အဝရှိပါသည်။ ပိုမိုကောင်းမွန်သော၊ ပိုမို၍ သာယာဝပြောသော၊ ငြိမ်းချမ်းသောကမ္ဘာကြီး တည်ဆောက်ရေးအတွက် ကျွန်ုပ်တို့၏ မျှော်မှန်းချက်များသည် ကုလသမဂ္ဂအဖွဲ့ကြီးထံတွင် ရှိနေပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အခါသမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးအတွက် ဆုမွန်ကောင်းများကို ကျွန်ုပ်နှင့်အတူ ပါဝင်ပို့သကြပါရန် ဖိတ်မန္တက ပြုအပ်ပါသည်။

ပြဿနာများ၊ ဆန့်ကျင်သောအစွန်းနှစ်ဖက်၌ ရောက်နေခြင်းနှင့် သံသယများရှိသော်ငြား ကမ္ဘာကြီးဝယ် အတူတကွ တိုးတက်ရေးအတွက် အခွင့်အလမ်းများ ပွင့်ခဲ့ပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၂၄

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ကုလသမဂ္ဂနေ့သဝဏ်လွှာမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကုလသမဂ္ဂနေ့အခါသမယ၌ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွန်ုပ်တို့၏ဆောင်ရွက်ချက်များကို နက်နဲစွာယုံကြည်မှုထားသူများ၊ ကျွန်ုပ်တို့၏ ယုံကြည်ချက်ကိုဖော်ဆောင်ပြီး ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်များသို့ အရောက်ပို့ပေးသူများ စသည့် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပြည်သူများအားလုံးကို ကျွန်ုပ် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ခြောက်ဆယ့်ငါးနှစ်ကြာကာလ၏ ဤနေ့တွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ စတင်အာဏာသက်ဝင်ခဲ့ပါသည်။ နှစ်စဉ် ကုလသမဂ္ဂနေ့တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ခံယူထားသည့် တစ်ကမ္ဘာလုံးဆိုင်ရာတာဝန်ကို ပြန်လည်အတည်ပြုပါသည်။ သည်းခံခြင်း၊ အပြန်အလှန်လေးစားခြင်းနှင့် လူသားတို့၏ ဂုဏ်သိက္ခာဆိုင်ရာ ကမ္ဘာတစ်လွှား တန်ဖိုးထားမှုစံချိန်စံနှုန်းများကို ပြန်လည်ဖော်ထုတ်ပြောဆိုပါသည်။ ထို့အပြင် စာတတ်မြောက်ရေး၊ လူ့သက်တမ်းရှည်စေရေး၊ အသိပညာသုတနှင့် နည်းပညာပြန့်ပွားရေး၊ ဒီမိုကရေစီတိုးတက်ထွန်းကားလာစေရေးနှင့် တရားဥပဒေစိုးမိုးရေး စသည့် ကျွန်ုပ်တို့ အတူတကွ ဖော်ဆောင်ခဲ့ကြသည့် တိုးတက်အောင်မြင်မှုများကို အသိအမှတ်ပြုပါသည်။

သို့ရာတွင် အားလုံးထက်ပို၍ ကုလသမဂ္ဂနေ့သည် ကျွန်ုပ်တို့ ပိုမိုကြိုးစားအားထုတ်ရန် သန္နိဋ္ဌာန်ချသောနေ့ဖြစ်ပါသည်။ စစ်ရေးပဋိပက္ခကြားညပ်နေသူများကို ပိုမိုအကာအကွယ်ပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ခြင်းနှင့် နျူကလီးယားကပ်ဘေးကို တားဆီးရှောင်ရှားခြင်းတို့ကို ပိုမိုဆောင်ရွက်ကြပြီး အမျိုးသမီးနှင့် မိန်းကလေးများအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ မတရားမှုများနှင့် ပြစ်ဒဏ်မခံရမှုများကို တိုက်ဖျက်ခြင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်များ ပြည့်မီလာနိုင်ရန် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ ဖြစ်ပေသည်။

ပြီးခဲ့သည့်လက ကျင်းပခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များဆိုင်ရာ ညီလာခံတွင် ကုလသမဂ္ဂသည် နိုင်ငံရေးအရှိန်အဟုန် မြှင့်တင်စေနိုင်ခဲ့ပြီး ဤစီးပွားရေးအကျပ်အတည်းကာလအတွင်း ဘဏ္ဍာရေးဆိုင်ရာ ကတိကဝတ်များရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သက္ကရာဇ်၂၀၁၅ ခုနှစ် ပန်းတိုင်နီးလေလေ ပိုမို၍ ရှေ့ချီအားထုတ်ရန် ကျွန်ုပ် ခံယူထားပါသည်။

ကျွန်ုပ်တို့ကြား ပြဿနာများ၊ ဆန့်ကျင်သော အစွန်းနှစ်ဖက်၌ ရောက်ရှိနေခြင်းနှင့် သံသယရှိခြင်းများရှိသော်ငြားလည်း ကျွန်ုပ်တို့ဆက်နွှယ်နေသော ကမ္ဘာကြီးဝယ် အတူတကွ တိုးတက်ရေးအတွက် အခွင့်အလမ်းများ ပွင့်ခဲ့ပြီးဖြစ်ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မျှော်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် ကျွန်ုပ်တို့ ပိုမိုကြိုးစားကြပါစို့။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၁၀-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၂၉)**
- ၅း၅၀ ၁၀။ ဘယ်လိုမဲပေးကြမှာလဲ
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၆၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၂၈)**
- ၂၅။ MiniSeries
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

လူနေမှုပုံစံနှင့် အများပြည်သူတို့၏ ရွေးချယ်မှုပြပွဲ -၂၀၁၀

ရန်ကုန် အောက်တိုဘာ ၂၄

K. Future Co.,Ltd. ၏ စီစဉ်မှုဖြင့် လူနေမှုပုံစံနှင့် အများပြည်သူ၏ ရွေးချယ်မှုပြပွဲ-၂၀၁၀ (Life Style & People's Choice 2010) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် Main Sponsor အဖြစ် Shine Group of Companies၊ Hyundai Elevator၊ Co-Sponsor အဖြစ် Sinma Furnishing Co., Ltd.၊ Do Co Mo Mobile Shop၊ Panasonic Electronic တို့မှ တာဝန်ယူပံ့ပိုးပြီး နေအိမ်သုံး အီလက်ထရွန်နစ်၊ ပရိဘောဂ၊ မိုဘိုင်းနှင့် ဆက်စပ်ပစ္စည်း၊ Cherry Oo၊ ZEAICX၊ @work Scene Living Passion၊ Leeco၊ စိန်နဲ့မြ၊ Uni Teak၊ Lucky House၊ Home Distribution၊ Maruart၊ ဦးလှရွှေ(ပါကေး)၊ The One (CLEAN PE Water Tank)၊ Htun Thit Oo၊ Absolute Products Co., Ltd.၊ Myanmar Thitsar၊ SP Distribution Gorup၊ Yadanar Moe၊ Myanmar Thiha နှင့် UNITEX Fashion၊ Shine Fashion၊ Archer Cusal Wear၊ TIENS Beauty Life၊ အဆင့်မြင့် ရုံးသုံး၊ နေအိမ်သုံးနှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ Goal နှင့် Hone Shin မှ စားသောက်ကုန်များ၊ ရွှေရီမွန် လက်ဖက်၊ ငွေသဇင်မင်းပဲဆီသန့်၊ KM (Outside Catherine Services)၊ The Cup Corner၊ Jean Town၊ AKK Fashion၊ အိမ့်ခြူးစံ၊ Pardise၊ Pensonic၊ Kyaw Zeyar Trading Co., Ltd.၊ OK Myanmar Co.,Ltd.၊ Fortune International Co.,Ltd.၊ ERA Technology Co.,Ltd.၊ Three Friends Trading Co.,Ltd.၊ Uranus Co.,Ltd၊ REGENCY၊ ရေချိုးခန်းသုံးပစ္စည်းများ၊ Zin 9 Group of Companies၊ NCTC Computer၊ Alliance Stars Co.,Ltd.၊ THE RADIANCE Computer၊ Sanyo Solarenerg Electronics၊ FTTH၊ My ring tune၊ Smart Electronics Dictionary၊ Media Induction Cooker၊ MNZ Bill Counter, Media Electrical, Setra Digital Weighting၊ Somic၊ Artwork၊ Brother Copier Machine နှင့် Computer၊ Htun Star Co.,Ltd.မှ PTT စက်သုံးဆီ၊ INSEE ဘိလပ်မြေ၊ Khaing Khaing Sang Da Motorcar Manufacturing Co.,Ltd.၊ City Guide လမ်းညွှန်စာအုပ်များအပြင် Talents & Models Agency ၏ ကြော်ငြာသရုပ်ပြ အစီအစဉ်များ၊ K.Future Co.,Ltd.မှ နေ့စဉ်လာရောက်ကြည့်ရှုသူများအတွက် ၃၂ လက်မ LCD TV နှစ်လုံး ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဝယ်ယူနိုင်

၎င်းအပြင် အကောင်းဆုံးအရောင်းမြှင့်တင်ရေးဆု (Best Promotion Award) နှင့် အကောင်းဆုံး ခင်းကျင်းပြသသောဆု (Best Display Award) များကို ဂုဏ်ပြုညစာစားပွဲဖြင့် ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ပြပွဲကို အောက်တိုဘာ ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသည့် ရေကန်တောင် ရေပေးဝေရေးကန်များအတွင်း ရေဝင်ရောက်မှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝန်ကြီး ဦးသိန်းဆွေ၊ ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့ ကျောက်ဖြူမြို့၌ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် ငွေများပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့သည် အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိကြပြီး အောက်တိုဘာ ၂၂ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဂီရိဒဏ်ကြောင့် ကျောက်ဖြူမြို့ရှိ ရုံးဌာနများ၊ မြို့ပေါ်ရှိ ရပ်ကွက်အိမ်ခြေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးများသည် ညပိုင်းတွင် ကျောက်ဖြူမြို့ အိမ်ဖြူတော်ရိပ်သာ၌ နယ်မြေခံတပ်မမှူး၊ စစ်ဗျူဟာမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် ဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများက ကျောက်ဖြူမြို့ပေါ်၌ နေအိမ်အဆောက်အအုံပျက်စီးမှုစာရင်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံ ပျက်စီးမှုစာရင်းများ၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ပြန်လည်နေရာချထားရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးများက ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြသည်။

ဝန်ကြီးများသည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယာယီကယ်ဆယ်ရေးစခန်းကို သွားရောက်၍ မုန်တိုင်းသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ အဝတ်အထည်များ၊ စားသောက်ကုန်များ၊ ရေသန့်များ၊ အမိုးသွပ်များနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အောက်တိုဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိပ်ကမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် ဆိပ်ကမ်းတိုးချဲ့ရေး၊ ရေကြောင်း ဝင်/ထွက်မှု လွယ်ကူချောမွေ့ရေးနှင့် အန္တရာယ်ကင်းရှင်းရေး၊ ဆိပ်ကမ်းဝန်ဆောင်မှုများကောင်းရန်လို လမ်းသစ်များ တိုးချဲ့တည်ဆောက်ရာတွင် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။
(သတင်းစဉ်)

☆ **ရန်ကုန်ဆိပ်ကမ်းမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းနှင့် ဗိုလ်ချုပ်တင်ငွေ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် နံနက် ၁၀ နာရီခွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက ဆိပ်ကမ်း ဆိပ်ခံတံတားများနှင့် စပ်လျဉ်း၍ အပိုင်းသုံးပိုင်းဖြင့် ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း၊ ပထမပိုင်းအနေဖြင့် လက်ရှိဆိပ်ကမ်းများ ဆောင်ရွက်မည့်အခြေအနေကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပင်လယ်ဆိပ်ကမ်းများအားလုံးကို တာဝန်ယူစီမံခန့်ခွဲလျက်ရှိပါကြောင်း၊ လက်ရှိရန်ကုန်ဆိပ်ကမ်းအပါအဝင် ပင်လယ်ဆိပ်ကမ်းကိုးခု ရှိပါကြောင်း။

၁၉၈၈ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁၃ စင်းသာရှိခဲ့ရာမှ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ရန်ကုန်ဆိပ်ကမ်း ဆိပ်ခံတံတား ၁၆ စင်း၊ သီလဝါဆိပ်ကမ်း ဆိပ်ခံတံတားခြောက်စင်း စုစုပေါင်း ဆိပ်ခံတံတား ၂၂ စင်းရှိပြီဖြစ်ပါကြောင်း၊ ကုန်းတွင်း ကုန်သေတ္တာစခန်းအနေဖြင့် ယခင်က မရှိခဲ့သော်လည်း ယခုအခါ သုံးခုရှိလာပြီဖြစ်ပါကြောင်း။

တိုးတက်ကိုင်တွယ်နိုင်

“ကုန်” ကိုင်တွယ်နိုင်မှု ပမာဏအနေဖြင့် ရန်ကုန်ဆိပ်ကမ်းတွင် မြန်မာရှင်ဘုရင်များခေတ်ကာလက နှစ်စဉ်ကုန်တန်ချိန် ၆ ဒသမ ၂ သိန်းခန့် ကိုင်တွယ်နိုင်ခဲ့ပြီး လွတ်လပ်ရေးမရမီကာလတွင် ကုန်တန်ချိန် ၂ ဒသမ ၃ သန်းခန့် ကိုင်တွယ်နိုင်ခဲ့၍ လွတ်လပ်ရေးရပြီးကာလနှင့် ၁၉၈၈ ခုနှစ် မတိုင်မီကာလတွင် ကုန်တန်ချိန် ၃ ဒသမ ၂၉ သန်းခန့် ကိုင်တွယ်နိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကုန်တန်ချိန် ၁၆ ဒသမ ၇ သန်းအထိ တိုးတက်ကိုင်တွယ်နိုင်ခဲ့ပါကြောင်း။

ကုန်သေတ္တာ ကိုင်တွယ်နိုင်မှု ပမာဏအနေဖြင့် ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကတို့က ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကုန်သေတ္တာပေါင်း ၃ ဒသမ ၀၃ သိန်း၊ ကုန်တန်ချိန် ၄ ဒသမ ၃ သန်းကို ကိုင်တွယ်နိုင်ခဲ့ပါကြောင်း၊ လက်ရှိဆိပ်ခံတံတား ၂၂ စင်းရှိပြီး သင်္ဘော ၂၂ စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်၍ တစ်နှစ်စွမ်းဆောင်ရည် ရာနှုန်းပြည့် ကုန်ကိုင်တွယ်နိုင်မှုမှာ ၂၃ ဒသမ ၇ သန်းရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆိပ်ခံတံတားများတိုးချဲ့

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လက်ရှိဆိပ်ကမ်းတစ်လျှောက်၌ အသုံးပြုနိုင်ခြင်းမရှိဘဲ အခြားနည်းများဖြင့် အသုံးပြုနေသည့် သန်လျက်စွန်းမှ အလုံဆင်မင်းတံတားအထိ နေရာများတွင် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆိပ်ကမ်းနေရာသစ် ၂၅၅ ဧကခန့် တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ဆိပ်ခံတံတားအနေဖြင့် တံတားစင်းရေ ၁၃ စင်း၊ ဆိုက်ကပ်နိုင်မည့် သင်္ဘော ၂၆ စင်း တိုးတက်ဆိုက်ကပ်လာနိုင်မည် ဖြစ်ပါကြောင်း။

ထို့အပြင် သီလဝါဆိပ်ကမ်းဒေသတွင် အလျား မီတာ ၂၀၀၊ အကျယ်မီတာ ၇၅၀ ရှိ မြေကွက် ၃၇ ကွက်ကို လျာထားဖော်ထုတ်ထားရာ လက်ရှိ ၂၈ နေရာကို နေရာချထားပြီးဖြစ်ပါကြောင်း၊ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနေရာများအားလုံးတွင် ဆိပ်ခံတံတားများ တည်ဆောက်ပြီးစီးပါက တံတားစင်းရေပေါင်း ၆၂ စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်မည့် သင်္ဘော ၇၅ စင်းအထိ တိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ကုန်စည်ကိုင်တွယ်မှုအနေဖြင့် တစ်နှစ်စွမ်းဆောင်ရည်ရာနှုန်းပြည့် ကုန်ကိုင်တွယ်နိုင်မှုမှာ မက်ထရစ်တန် သန်း ၈၀ မှ သန်း ၁၀၀ အကြား ကိုင်တွယ်လာနိုင်မည်ဖြစ်ပါကြောင်း။

ရေလမ်းကြောင်းများကောင်းမွန်ရေး

နှစ်စဉ်တိုးတက်လာသော ပို့ကုန်၊ သွင်းကုန်များကို နိုင်နင်းစွာ ကိုင်တွယ်လာနိုင်စေရန် ဆိပ်ခံတံတားများကို တိုးချဲ့တည်ဆောက်မည့် အစီအမံနှင့်အတူ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်ရာ ရေလမ်းကြောင်းများ ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်နေမှုများကို ပုံစံကားချပ်များဖြင့် အသေးစိတ် ဆက်လက်ရှင်းလင်းတင်ပြသည်။

ဗိုလ်အောင်ကျော်ဆိပ်ခံတံတား၌ သင်္ဘောပေါ်သို့ ကုန်သေတ္တာများ တင်ဆောင်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တတိယပိုင်းအနေဖြင့် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်လာနိုင်သည့် နည်းတူ ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများ သွားလာနိုင်ရန် ကမ်းနားလမ်းတွင် ယာဉ်ကြောကျပ်တည်းမှုမရှိစေရန်အတွက် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းထိပ်အထိ လက်ရှိကမ်းနားလမ်းနှင့် ရန်ကုန်မြစ်အကြားတွင် လေးလမ်းသွား ယာဉ်သွားလမ်းဖောက်လုပ်ရန် ဆောင်ရွက်နေမှု အခြေအနေများကို လမ်းကြောင်းအပိုင်းအလိုက် ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ကမ်းနားလမ်းသစ်

ယခုဖောက်လုပ်လျက်ရှိသည့် ကမ်းနားလမ်းသစ်တွင် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးအထိ ၄ ဒသမ ၅၄ မိုင်ရှိသော ကမ်းနားလမ်းသစ်တွင် သစ်တောလမ်းမှ ဗိုလ်တထောင်ဈေးလမ်းပိုင်း၌ ကမ်းနားလမ်းသစ်သည် လက်ရှိ လမ်းဟောင်းနှင့် လမ်းလယ်ကျွန်း ပေ ၃၀ ခြား၍ ၄၈ ပေအကျယ် လေးလမ်းသွားလမ်း တစ်ဖက်တစ်ချက်တွင် ခြောက်ပေအကျယ်ရှိသော လူသွားစင်္ကြံနှစ်လမ်းထားရှိပြီး အဆိုပါ ကမ်းနားလမ်းသစ်တွင် ရထားလမ်းကိုပါ ထည့်သွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှုများကို ပုံစံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

သောင်တူးဖော်

ဆက်လက်၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက် သောင်တူးဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာတွင် ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောအလျား ၁၆၇ မီတာ၊ သင်္ဘောကုန်ပြည့်တန်ချိန် ၁၅၀၀၀ နှင့် ရေစူး ကိုးမီတာရှိသော သင်္ဘောကြီးများနှင့် သီလဝါဆိပ်ကမ်းအတွက်မူ သင်္ဘောအလျား မီတာ ၂၀၀၊ သင်္ဘောကုန်ပြည့်တန်ချိန် ၂၀၀၀၀ နှင့် သင်္ဘောရေစူး ကိုးမီတာရှိသော သင်္ဘောကြီးများ ဒီရေအမြင့်ပေါ်မူတည်၍ ရေပြည့်ချိန်များတွင် ဝင်ထွက်နိုင်ရေးအတွက် အဓိကအားဖြင့် အတွင်းစည်းခုံရေလမ်းကြောင်း၌ လုံလောက်သော ရေအနက်ရရှိရေးအတွက် နေ့စဉ်သောင်တူးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အနာဂတ်တွင် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်ပြီး ရေလမ်းကြောင်းများ ရေစူးပိုမိုရရှိရေး၊ ကုန်သင်္ဘောကြီးများတွင်လည်း ကုန်တန်ချိန် ပိုမိုတင်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းက ကြည့်မြင်တိုင်ကမ်းနားလမ်း ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းအထိ ကမ်းနားလမ်းသစ် ဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာတွင် အသစ်ဖောက်လုပ်မည့် ကမ်းနားလမ်းသည် ကြည့်မြင်တိုင် ထီးတန်းကြက်လျှာစွန်းမှ ဗိုလ်တထောင်ဈေးလမ်းအထိ စုစုပေါင်း ၄ ဒသမ ၅၄ မိုင် ရှည်လျားပါကြောင်း၊ အဆိုပါလမ်းပိုင်းတွင် ချောင်းကူးတံတားလေးစင်းကိုလည်း ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ရန်ကုန်ဆိပ်ကမ်းကို တန်ချိန် ၃၅၀၀၀ ရှိသော သင်္ဘောကြီးများ ဝင်/ထွက်နိုင်သည့် ရေစူးရရှိရေး ဆောင်ရွက်သို့မှ နောင်တိုးတက်လာမည့် ကုန်စည်ပို့ဆောင်မှုနှင့် လိုက်လျောညီထွေရှိမည်ဖြစ်ပြီး စီးပွားရေးလည်း တွက်ခြေကိုက်မည်



❍ စာမျက်နှာ ၄ မှ

ကမ်းနားလမ်းနှင့် အမှတ်(၂)လမ်းမကြီးကို ဆက်စပ်ပေးမည့် လမ်းကြောင်းများအနေဖြင့် ဗိုလ်တထောင်ဈေးလမ်း(ကမ်းနားလမ်းနှင့်မဟာဗန္ဓုလလမ်းအကြား)၊ မဟာဗန္ဓုလလမ်း(ဗိုလ်တထောင်နှင့် ဗန္ဓုလတံတားအကြား)၊ ဗန္ဓုလတံတား-ယမုံနာလမ်း (ဗန္ဓုလတံတားမှ ရှုခင်းသာပန်းခြံအထိ)၊ ရှုခင်းသာလမ်း(ရှုခင်းသာပန်းခြံမှ သန်လျင်ချဉ်းကပ်လမ်းအထိ)၊ ရတနာလမ်း(သန်လျင်ချဉ်းကပ်လမ်းနှင့် ပဲခူးမြစ်လမ်းအကြား)၊ ပဲခူးမြစ်လမ်း(ရတနာလမ်းနှင့် ဧရာဝဏ်လမ်းအကြား)၊ ဧရာဝဏ်လမ်း(ပဲခူးမြစ်လမ်းနှင့် မောင်းမကန်ကမ်းသာလမ်းအကြား)၊ မောင်းမကန်ကမ်းသာလမ်း [ဧရာဝဏ်လမ်းနှင့် အမှတ်(၂)လမ်းအကြား]၊ အမှတ်(၂)လမ်းမကြီး (မောင်းမကန်ကမ်းသာလမ်းမှ မစို တံတားအကြား) လမ်းပိုင်းများကို ခြောက်လမ်းသွားလမ်းများအဖြစ် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ အမှတ်(၂) လမ်းမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းသို့လည်းကောင်း၊ အလားတူ ကမ်းနားလမ်းသစ်မှ အောက်ကြည့်မြင်တိုင်လမ်း၊ ၎င်းမှ ဘုရင့်နောင်တံတား၊ ၎င်းမှ ဧရာဝတီတိုင်းဒေသကြီးသို့ လည်းကောင်း ကုန်စည်များကို ကုန်တင်ယာဉ်ကြီးများဖြင့် တစ်ဆက်တစ်စပ်တည်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက သိရှိလိုသည်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး လမ်းညွှန်မှာကြားရာတွင် ရန်ကုန်ဆိပ်ကမ်းသည် မြန်မာနိုင်ငံ၏ အဓိကကျသော ပင်လယ်ရေကြောင်းကုန်သွယ်မှု ဆိပ်ကမ်းတစ်ခုဖြစ်သော်လည်း ဆိပ်ကမ်းလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်တိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ခြင်းမရှိသေးဘဲ လိုအပ်သည့်နေရာ အချို့တွင်သာ အပိုင်းလိုက် တိုးချဲ့ဆောင်ရွက်ခဲ့ရကြောင်း။

ယခုရန်ကုန်ဆိပ်ကမ်း၏ ကုန်စည်ဝင်/ထွက်မှု တစ်နေ့တခြား တိုးတက်လာသည့် အခြေအနေနှင့် နောင်ဖြစ်ပေါ်တိုးတက်လာနိုင်သည့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ အခြေအနေတို့ကို သုံးသပ်၍ ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးလုပ်ငန်းကို စီမံကိန်းဖြင့် စနစ်တကျ စတင်တိုးချဲ့ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ယခုအခါတွင် ရန်ကုန်ဆိပ်ကမ်းသို့ တန်ချိန် ၁၅၀၀၀ မှတန်ချိန် ၂၀၀၀၀ ရှိသော သင်္ဘောကြီးများသည် ဒီရေအတက်အကျအပေါ်မူတည်၍သာ ဝင်/ထွက်နိုင်သေးကြောင်း၊ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်းကို ရေရှည်တွင် တန်ချိန် ၃၅၀၀၀ ရှိသော သင်္ဘောကြီးများ ဝင်/ထွက်နိုင်သည့်ရေစူးရရှိရေး၊ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများဖြစ်ရေးကိုလည်း တိုးချဲ့တည်ဆောက်သွားနိုင်ရန် စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ နောင်တိုးတက်လာမည့် ကုန်စည်ပို့ဆောင်မှုအခြေအနေနှင့် လိုက်လျောညီထွေရှိလာနိုင်မည်ဖြစ်ပြီး စီးပွားရေးအရလည်း တွက်ခြေကိုက်မှု ရရှိစေမည်ဖြစ်ကြောင်း။

ဆိပ်ကမ်းများ စွမ်းဆောင်ရည်အဆင့်မြှင့်တင်ရာတွင်လည်း ဆိပ်ကမ်းတိုးချဲ့ရေး၊ ရေကြောင်းဝင်/ထွက်မှု လွယ်ကူချောမွေ့ရေးနှင့် အန္တရာယ်ကင်းရှင်းရေး၊ ဆိပ်ကမ်းဝန်ဆောင်မှုများပါ ကောင်းမွန်ရန်လိုအပ်ကြောင်း။

မပြတ်ထိန်းသိမ်း

ထို့အပြင် ဆိပ်ကမ်းလုပ်ငန်းများ တိုးချဲ့လာသည်နှင့်အမျှ ဝင်/ထွက်လာသည့် ကုန်ပစ္စည်းများကို မြန်မြန်ဆန်ဆန် ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ ကုန်ပစ္စည်းသိုလှောင်မှု အဆင်ပြေရေးအတွက် လိုအပ်ချက်များကို ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ အဆင့်မြှင့်တင် ဆောင်ရွက်ထားသည့် ဆိပ်ကမ်းများရေရှည်တည်တံ့မှုနှင့် သာယာသန့်ရှင်းမှုကိုလည်း စဉ်ဆက်မပြတ်ထိန်းသိမ်းထားရန် လိုအပ်ကြောင်း။

ကမ်းနားလမ်းသစ်အပါအဝင် လမ်းသစ်များတိုးချဲ့တည်ဆောက်ရာတွင် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ကွန်ကရစ်လမ်းခင်းစက်ကြီးများဖြင့် လုပ်ငန်းအမြန်ပြီးစီးအောင် အလေးထား စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကမ်းနားလမ်းသစ်ကို အမှတ်(၂) အမြန်လမ်းမကြီးနှင့်ဆက်စပ်ပေးမည့် ဗိုလ်တထောင်ဈေးလမ်း (ကမ်းနားလမ်းနှင့် မဟာဗန္ဓုလလမ်းအကြား)အပိုင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဗိုလ်အောင်ကျော်ဆိပ်ကမ်းတံတားသို့ရောက်ရှိကြရာ လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးတင့်က ဗိုလ်အောင်ကျော်ဆိပ်ကမ်းတံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းအတွင်း ကုန်သေတ္တာများအား သင်္ဘောပေါ်သို့ ဝန်ချီစက်များဖြင့် တင်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အေးရှားဝေါလ်ဆိပ်ကမ်း ဆိပ်ခံတံတားတိုးချဲ့ရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အေးရှားဝေါလ်ဆိပ်ကမ်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် အေးရှားဝေါလ်ဆိပ်ကမ်းသို့ သွားရောက်ပြီး ဆိပ်ကမ်းအတွင်း သင်္ဘောပေါ်မှ ကုန်သေတ္တာများအား ဝန်ချီစက်ဖြင့် စနစ်တကျ နေရာချထားနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် အေးရှားဝေါလ်ဆိပ်ကမ်းဆိပ်ခံတံတားတိုးချဲ့ရန် မြစ်အတွင်း ပိုင်ရိုက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီ ဒါရိုက်တာ ဦးကျေးကထီးတန်းဆိပ်ကမ်းအဟောင်းတွင်ရှိသည့် ဆန်ဖြူချောစက်၊ ဆန်သိုလှောင်ရုံ၊ ဆပ်ပြာဆီကြမ်းသိုလှောင်ကန်နှင့် စားအုန်းဆီသိုလှောင်ကန်များကို မြစ်၏အထက်ပိုင်းသို့ တစုတစည်းတည်း ရွှေ့ပြောင်းတည်ဆောက်ပြီးစီးမှု၊ ဆီတင်ဆိပ်ခံတံတားသစ် တည်ဆောက်ပြီးစီးမှုနှင့် အဆိုပါရွှေ့ပြောင်းလိုက်သည့်နေရာများတွင် ဆိပ်ခံတံတား တည်ဆောက်မည့်အစီအစဉ်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် တိုးချဲ့ဆိပ်ခံတံတားပေါ်မှ နေရာသစ်တွင် တစုတစည်းတည်း ပြန်လည်တည်ဆောက်ထားသည့် ဆန်ဖြူချောစက်၊ ဆန်ချောသိုလှောင်ရုံနှင့် စားအုန်းဆီသိုလှောင်ကန်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကုန်စိမ်းဈေးသစ်

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ကုန်စိမ်းဈေးသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ရန်ကုန်မြို့တော်ဝန်က ကုန်စိမ်းဈေးသစ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ကုန်စိမ်းဈေး တည်ဆောက်ရေးလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၇။ အတီးပြိုင်ပွဲ
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ သူ့လက်သံ (တယော)
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ အထူးပြုများ) (စီးပွားရေးပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁)**
- ၇း၄၅ ၁၄။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၃၇) (ဇာတ်သိမ်းပိုင်း)**
- ၂၀။ "သုခမရင်ပြင်"
- ၂၁။ အစီအစဉ်ပြီး၏။

❖ **သန်လျက်စွန်းမှ အလုံဆင်မင်းတံတားအထိ နေရာများတွင် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိ။**

❖ **ဆိပ်ကမ်းနေရာသစ် ၂၅၅ ကေခန့် တိုးတက်လာမည်ဖြစ်ပြီး ဆိပ်ခံတံတား ၁၃ စင်း။ ဆိုက်ကပ်နိုင်မည့် သင်္ဘော ၂၆ စင်း တိုးတက်ဆိုက်ကပ်နိုင်မည်။**

❖ **ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနေရာအားလုံးတွင် ဆိပ်ခံတံတားများ တည်ဆောက်ပြီးစီးပါက တံတားစင်းရေ ၆၂ စင်းတွင် သင်္ဘောစင်းရေ ၇၅ စင်းအထိ တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်မည်။**

နိုင်ငံရေးပါတီများ အစိုးရ၏မီဒီယာများ အသုံးပြုခွင့်အပါအဝင် မဲဆွယ်စည်းရုံးမှုလုပ်ငန်းများ စတင်နေ ယှဉ်ပြိုင်မှုပမာဏအရ အားလုံးပါဝင်မှု (Inclusiveness)ရှိသည့် ရွေးကောက်ပွဲအဖြစ် ပေါ်လွင်ထင်ရှား

✻ **ကျော်ဖုံးမှ**

ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံ၏ အစဉ်အလာကောင်းများနှင့်အညီ ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာ ကုလသမဂ္ဂ တည်ထောင်သည့် (၆၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယခုနှစ်တွင်လည်း ကောင်းမြတ်သော အစဉ်အလာကောင်းများနှင့် ကျင်းပနေခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မွန်မြတ်သော အဓိကရည်မှန်းချက်ဖြစ်သော နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ စုစည်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယနေ့မျက်မှောက်ကာလ၌ ထပ်မံပေါ်ပေါက်လာသည့် ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာ၊ ရေနှင့် စွမ်းအင်မလုံလောက်မှု စသော အသွင်သစ်စိန်ခေါ်မှုများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အနိုင်အထက်ပြုမှုများ၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို အင်အားသုံး ဝင်ရောက်စွက်ဖက်မှုများ စသည့် တည်ရှိနေဆဲ ကမ္ဘာ့ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကြိုးပမ်းရာတွင် ကုလသမဂ္ဂသည်သာလျှင် အကောင်းဆုံးစွမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း။

ပိုမိုမြှင့်တင်နိုင်မည်

ထို့ကြောင့်လည်း မျက်မှောက်ကာလတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်အရေအတွက် တိုးတက်များပြားလာမှုနှင့်အတူ အထွေထွေညီလာခံ၏ အခန်းကဏ္ဍ ပိုမိုခိုင်မာရေး၊ လုံခြုံရေးကောင်စီကို ပွင့်လင်းမှုနှင့် တာဝန်ယူမှုများ ပိုမိုရှိစေရန် ပြုပြင်ပြောင်းလဲရေး စသည့် ထိရောက်သော ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံစုံဆက်ဆံရေးစနစ်ကို ဒီမိုကရေစီနည်းလမ်းနှင့်အညီ ကျင့်သုံးနိုင်ပြီး ကုလသမဂ္ဂ၏ နဂိုရှိရင်းစွဲ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း။

ကူညီပံ့ပိုးပေး

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် ပြည့်မီစေရေးအတွက် သက်ဆိုင်ရာနိုင်ငံအလိုက် အကောင်အထည်ဖော်ရာ၌ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်ကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ကြိုးပမ်းနေကြသော ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မျှတမှုမရှိသည့် စီးပွားရေးအကျပ်ကိုင်မှုများ၊ ကုန်သွယ်ရေး ကန့်သတ်ပိတ်ဆို့မှုများ ဖယ်ရှားပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီများကို နှစ်ဖက် ခွဲခြားဆက်ဆံမှုမရှိဘဲ ဖြည့်ဆည်းပေးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်ရရှိစေရေးနှင့် ကြွေးမြီပြဿနာများ ဖြေရှင်းပေးမှု စသော ကူညီပံ့ပိုးမှုများကို အမြော်အမြင်ကြီးကြီးဖြင့် ဆောင်ရွက်မှသာ လူသားထုတစ်ရပ်လုံး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားမျှတရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုသည့် မွန်မြတ်သော ရည်မှန်းချက်များကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း။

ကြိုးပမ်းနိုင်ခဲ့

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ထောင်စုနှစ် ရည်မှန်းချက်များအနက် အများစုကို အနေအထားအဆင့်အမျိုးမျိုးဖြင့် အောင်မြင်မှုရရှိစေရန် ကြိုးပမ်းနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးစေရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေမြင့်မားစေရေး စသည့် နယ်ပယ်များတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများကို ဖော်ဆောင်လျက်ရှိနေကြောင်း။

ကမ္ဘာအနှံ့ဖြစ်ပွားခဲ့သည့် မြေငလျင်၊ ရေလွှမ်းမိုးမှု၊ အပူလှိုင်းဒဏ် စသော မကြုံစဖူး ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု၏ ထင်ရှားသော အကျိုးဆက်သာဓကများဖြစ်ပြီး လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်လျက် ရှိနေကြောင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်မှုသည် နိုင်ငံဆိုင်ရာ နယ်နိမိတ်ကန့်သတ်မှုမရှိသည့်အတွက် မည်သည့်နိုင်ငံမဆို ကင်းလွတ်မှုမရှိနိုင်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်၏ ဆိုးကျိုးများကို အများဆုံး ရင်ဆိုင်တွေ့ကြုံနေကြရကြောင်း၊ မြန်မာ့သမိုင်းတွင်လည်း မကြုံစဖူး ပြင်းထန်လှသော နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ၂၀၀၈ ခုနှစ် မေလတွင် ခံစားခဲ့ရပြီး အရေးပေါ် အခြေအနေများကို ကျော်လွှားနိုင်ရေး ကြိုးပမ်းခဲ့ရကြောင်း၊ ယခုအခါ မုန်တိုင်းသင့်ဒေသများ၌ ပိုမိုကောင်းမွန်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကုလသမဂ္ဂ၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတို့နှင့်အတူ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရာတွင် လိုအပ်သော လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးခဲ့သည့် ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းကိုလည်း ကျေးဇူးတင်ရှိပါသည်ဟု အခွင့်ကြုံခိုက် ထပ်လောင်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ အခွင့်ကြုံခိုက်တွင် မိမိတို့ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အနည်းငယ် ပြောကြားလိုကြောင်း၊ လက်ရှိကာလတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီ နည်းလမ်းတကျ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာမည့် အစိုးရကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပရန် စီစဉ်ပြီးဖြစ်သဖြင့် အရေးကြီးသည့်အဆင့်ကို ဖြတ်သန်းလျက်ရှိနေကြောင်း။

တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသည့် ပါတီများအပါအဝင် နိုင်ငံရေးပါတီ(၃၇)ပါတီတို့သည် ရွေးကောက်ပွဲတွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏သဝဏ်လွှာကို နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဖတ်ကြားစဉ်။

(သတင်းစဉ်)

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကို ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေ ညှိနှိုင်းရေးမှူး Mr.Bishow B.Parajuli ဖတ်ကြားစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"သီတင်းကျွတ်တိုင်း" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၂၁)**
၈း၅၀	Activities In The City (Rainbow Motion Media House Outdoor Training ရိုက်ကူးခြင်း)
၉း၀၀	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၃/၂၀၁၀)
၉း၁၅	PSH မှ CENSTAR နှင့် စတင်မိတ်ဆက်ခြင်း
၉း၃၀	နာမည်ဆိုးနှင့်ကျော်ကြားသော (တတိယပိုင်း)
၉း၅၀	အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၀း၃၀	The Champion of Dance
၁၁း၅၅	Celebrity Choice (ရေဗက္ကဝင်း)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၁၁)
၁၂း၀၅	Activities In The City [မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏ လောကဝိဒူဓမ္မာရုံလှူဒါန်းပွဲ အခမ်းအနား]
၁၂း၁၀	စာအုပ်ပြခန်း (Beauty Magazine တာဝန်ခံ အယ်ဒီတာကိုမျိုး IR နှင့် တွေ့ဆုံခြင်း)
၁၂း၃၀	Activities In The City (အဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်မှု အခြေအနေဆွေးနွေးပွဲ)
၁း၀၀	"သီတင်းကျွတ်တိုင်း" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	သူတို့ဘဝသူတို့ဟာသ (ဦးရန်အောင်)
၂း၅၅	FMF Selection
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၄)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၂၁)**
၅း၀၀	Activities In The City (အလှကမ္ဘာမြေမှ ထွက်ခွာသွားသူ ဂီတမျိုး A1 စိုးမြင့်သို့)
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၁၁)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၅)**
၇း၃၀	ဗီဒီယိုပြခန်း
၈း၀၀	MRTV-4 သတင်း - နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် - ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းရုံးဝင်များ)
၈း၃၀	စကားနပန်း (အိမ်ကပ်တာကောင်းတယ်၊ အိမ်မကပ်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၂)**
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၅	Hair Style For All (အမျိုးသား၊ အမျိုးသမီး)
၁၁း၀၀	International Show Biz
၁၁း၁၅	ဈေးဝယ်လမ်းညွှန် (တော်ဝင်ပလာဇာ)
၁၁း၂၅	ရလဒ်ကောင်းများနှင့် Organic
၁၁း၃၅	မြန်မာ့အက အခြေခံကဗျာလွတ်ကဟန် (အမျိုးသမီးကဗျာလွတ်)
၁၁း၄၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တက္ကသိုလ်အေးမောင်)
၁၂း၂၅	မြန်မာစာ၊ မြန်မာစကား
၁၂း၄၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (သဘင်ပညာရပ်အကြောင်း သိကောင်းစရာ)
၁း၀၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prize)
၁း၃၀	အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်)
၂း၀၅	လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
၂း၃၅	အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၃း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀	ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
၄း၃၀	အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း
၄း၄၀	ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းသွားမည်

❒ စာမျက်နှာ ၆ မှ

ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့အတွက် ပိုမိုအကျိုးပြုနိုင်မည့် ကိုယ်စားလှယ်လောင်းများကို စိတ်ကြိုက်ရွေးချယ်ရန် ဒီမိုကရေစီ အခွင့်အလမ်းများရရှိကြမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် နေရာ ၁၁၇၁ နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည် ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် အစိုးရမီဒီယာများ အသုံးပြုနိုင်ခွင့်အပါအဝင် ပါတီအလိုက် မဲဆွယ်စည်းရုံးမှုလုပ်ငန်းစဉ်များကို စတင်လျက်ရှိနေပြီး အဆိုပါ ယှဉ်ပြိုင်မှုပမာဏအရအားလုံးပါဝင်မှု(Inclusiveness) ရှိသည့် ရွေးကောက်ပွဲအဖြစ် ထင်ရှားပေါ်လွင်လျက်ရှိကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအလယ်တန်းအဆင့်တွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အစိုးရအနေဖြင့် မည်သည့်အခက်အခဲမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ နိုင်ငံ၏အတိတ်သမိုင်းတွင် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ဖူးသော အတွေ့အကြုံနှင့်သင်ခန်းစာများအပေါ်အခြေခံပြီး နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်နိုင်မည့် လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေး သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲအပြီးကာလတွင် ပေါ်ထွန်းလာမည့် အစိုးရသစ်သည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပြဋ္ဌာန်းထားသော လက်ရှိကျင့်သုံးနေဆဲ နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် ထိန်းသိမ်းမြှင့်တင်ပြီး ကုလသမဂ္ဂနှင့်ရော၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းနှင့်ပါ အတူတကွ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည့် မူဝါဒကို ဆက်လက်စွဲကိုင်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အခုကဲ့သို့ ထူးမြတ်သောအခါသမယတွင် လူသားထုတစ်ရပ်လုံး ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားမျှတရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် ရည်မှန်းကြိုးပမ်းလျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ အကျိုးပြုလုပ်ငန်းများ ပိုမိုအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli က ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မမြချယ်ရီ၊ ဒုတိယဆုရ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခိုင်မာလာနှင့် တတိယဆုရ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြတ်သီရိလွင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆုရ နေပြည်တော် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မခင်ဆုအောင်၊ ဒုတိယဆုရ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသီရိနှင့် တတိယဆုရ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကောင်းခန့်ဆွေငြိမ်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli က (၆၅)နှစ်မြောက် ခရိုင် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မဆောင်းဦးခင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်တွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာမူလတန်းအဆင့်တွင် ပထမဆုရ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မဖြိုးဖြိုးကြွယ်၊ ဒုတိယဆုရ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မချောစုသီဟနှင့် တတိယဆုရ နေပြည်တော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၏ ဆုရစာစီစာကုံးများနှင့် ကုလသမဂ္ဂဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းကြီးဂီရီ တိုက်ခတ်မှုကြောင့် ရေယာဉ်နှင့် ခရီးသည်များ အန္တရာယ်မရှိစေရေးအတွက် မုန်တိုင်းခိုရန် ယာယီရပ်နားခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များ ပြန်လည်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၂၄

အောက်တိုဘာ ၂၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ထိုမှအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂီရီ" အဖြစ်သို့ ရောက်ရှိလာခဲ့သည်။ လေတိုက်နှုန်းမှာ မိုင် ၈၀ မှ ၁၀၀ ခန့်အထိ ပြင်းထန်လာသကဲ့သို့ မုန်တိုင်းဒီရေမှာ ၁၂ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ စစ်တွေ၊ ပေါက်တောနှင့် မြေပုံမြို့နယ်တို့သည် မုန်တိုင်းဒီရေအန္တရာယ် ကျရောက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မုန်တိုင်းအထူးသတိပေးချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုပြီး ပိုမိုအင်အားကောင်းလာကာ ရခိုင်ကမ်းရိုးတန်းအား စစ်တွေနှင့် ကျောက်ဖြူမြို့နယ်အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သဖြင့် သတိပေးအဆင့် အနီရောင်သတ်မှတ်ခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ မုန်တိုင်းအန္တရာယ်နှင့် နီးကပ်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲနှင့် မြစ်ဝကျွန်းပေါ်ဌာနခွဲတို့မှ ရေယာဉ်ခရီးစဉ်များအား အောက်တိုဘာ ၂၂ ရက်တွင် ယာယီရပ်ဆိုင်းခဲ့သည်။ ဆိပ်ကမ်းအသီးသီးသို့ ရောက်ရှိနေသည့် ရေယာဉ်များ၊ လမ်းခရီးတွင် ရောက်ရှိနေသည့် ရေယာဉ်များအား ခရီးသည်နှင့် ရေယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံချက်ပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီး "ဂီရီ"သည် အောက်တိုဘာ ၂၂ ရက် ည ၇ နာရီခွဲတွင် ရခိုင်ကမ်းရိုးတန်းကို စတင်ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အညိုရောင် အရေးပေါ်အခြေအနေသို့ ရောက်ရှိခဲ့သည်။ အောက်တိုဘာ ၂၃ ရက် နံနက် ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ရောက်ရှိပြီး မွန်းလွဲပိုင်းတွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိကာ အရှေ့မြောက်သို့ ဆက်လက်ရွေ့လျားခဲ့သည့် အခြေအနေကြောင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ မန္တလေးအခြေပြု ဧရာဝတီဌာနခွဲနှင့် မုံရွာအခြေပြု ချင်းတွင်းဌာနခွဲတို့မှ သက်ဆိုင်ရာ ခရီးစဉ်အသီးသီးသို့ ထွက်ခွာလျက်ရှိသည့် ရေယာဉ်များအား ရောက်ရှိသည့် ဆိပ်ကမ်း၌ ခရီးသည်နှင့် ရေယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် သတ်မှတ်ထားသည့် နေရာများတွင် မုန်တိုင်းခိုရပ်နားထားရန် ညွှန်ကြားချက်ထုတ်ခဲ့သည်။ မုန်တိုင်းခိုရပ်နားသည့် ရေယာဉ်များအား သက်ဆိုင်ရာမြို့နယ် မန်နေဂျာများက အနီးကပ်ကွပ်ကဲ ဆောင်ရွက်ခဲ့ကြောင်းနှင့် မုန်တိုင်းအခြေအနေကိုလည်း လိုက်ပါလာသည့် ခရီးသည်များအား ရှင်းလင်းအသိပေးခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ညနေပိုင်းတွင် မုန်တိုင်းအန္တရာယ်မရှိတော့သည့် ရခိုင်ဌာနခွဲနှင့် မြစ်ဝကျွန်းပေါ် ဌာနခွဲတို့ရှိ ခရီးစဉ်အသီးသီးတွင် ယာယီရပ်နား မုန်တိုင်းခိုလျက်ရှိသည့် ရေယာဉ်များအား သက်ဆိုင်ရာ ခရီးစဉ်များအတိုင်း ဆက်လက်ထွက်ခွာခွင့်ပြုခဲ့သည်။ ထို့နောက် ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း ဘုတလင်မြို့နယ်အနီး၌ ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားခဲ့သည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ဝန်ကြီးဌာန၏ ညွှန်ကြားချက်အတိုင်း မုန်တိုင်းအစပျိုးသည့်အချိန်မှ အားပျော့ပျက်ပြယ် အန္တရာယ်ကင်းရှင်းသည့် အခြေအနေအထိ အရေးပေါ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းကာ မုန်တိုင်းကြီး၏ အခြေအနေအား အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ပြီး ခရီးစဉ်များကို ယာယီရပ်ဆိုင်းခြင်း၊ ရေယာဉ်များကို သတ်မှတ်နေရာများတွင် မုန်တိုင်းခိုရန် စီမံဆောင်ရွက်ခြင်း၊ မုန်တိုင်းအန္တရာယ် လွတ်ကင်းသည့်ဒေသမှ ခရီးစဉ်များကို ဆက်လက်ပို့ဆောင်စေခြင်းများ ဆောင်ရွက်ခဲ့သဖြင့် မုန်တိုင်းကာလအတွင်း ခရီးသည်နှင့် ရေယာဉ်များ အန္တရာယ် တစ်စုံတစ်ရာ ကျရောက်ခြင်း၊ ဆုံးရှုံးခြင်းများ မရှိကြောင်း သိရှိရသည်။

ယနေ့နံနက်ပိုင်းမှ စတင်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလက်အောက်ခံ ဌာနခွဲများဖြစ်သည့် ရခိုင်ဌာနခွဲ၊ မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ ဧရာဝတီဌာနခွဲ၊ ချင်းတွင်းဌာနခွဲနှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့မှ ရေယာဉ်များသည် သတ်မှတ်ထားသည့် ခရီးစဉ်များအတိုင်း ပြန်လည် ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းကြီး "ဂီရီ" တိုက်ခတ်မှုကြောင့် ရေယာဉ်နှင့် ခရီးသည်များ အန္တရာယ်မရှိစေရေး အတွက် ယာယီရပ်နားခဲ့သည့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ရေယာဉ်များ ပြန်လည်ပြေးဆွဲနေစဉ်။(သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၄၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ နိုင်ငံတော်အလံဥပဒေ၊ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ဥပဒေ၊ နိုင်ငံတော်သီချင်းဥပဒေနှင့် နိုင်ငံတော်အလံ နည်းဥပဒေများ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် နည်းဥပဒေ၊ နိုင်ငံတော်သီချင်း နည်းဥပဒေများထုတ်ပြန်၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများ အရှိန်မြင့် မျက်နှာဖုံးသတင်းနှင့် ဂီရိဒိုင်ယာရီ (04B GIRI Diary) မျက်နှာဖုံးဆောင်းပါး၊ စောရွှေသန်း(အလုံ)၊ မြင့်မောင်(PhilQ)၊ ထွန်းနေဦး၊ နောင်ကောင်းရန်နှင့် ကြည်စိုးတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချမှုတွင် အာဆီယံ၌ ဦးဆောင်နိုင်ငံအဖြစ်ရပ်တည်၊ ဟန္နိုင်းမြို့တွင် ကျင်းပမည့် အာဆီယံ ထိပ်သီးအစည်းအဝေး၌ EAS တွင် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုပါဝင်ရန် မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ASEAN+6 ဆွေးနွေးမည်၊ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်၊ တရုတ်-အာဆီယံ ကုန်သွယ်မှု ၄၇ ရာခိုင်နှုန်းမြင့်တက်၊ မြန်မာအပါအဝင် အာဆီယံလုပ်ငန်းရှင်များ တရုတ်ဈေးကွက်သို့ ထိုးဖောက်ရန်စိတ်ဝင်စား၊ အများစု၏ ငွေကြေးသုံးစွဲမှုစီးဆင်းရာ လမ်းကြောင်းမှန်ကန်ရန် ဥပဒေများပြဋ္ဌာန်း လုပ်ကိုင်သင့်ဟုသုံးသပ်၊ MSEC တွင် အစိုးရငွေတိုက်စာချုပ် ကျပ်သန်းပေါင်း ၂၀၀၀ ကျော် ရောင်းချထားပြီးဖြစ်၊ စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေ၊အနုပညာရှင်များရဲ့ အနုပညာကြေးနှင့်စီးပွားရေးအလားအလာ စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

မဲဆန္ဒရှင်များသိကောင်းစရာ

ဦးကို

နိဒါန်း

“ဂျာနယ်တွေမှာ ပါတီတွေအကြောင်း၊ ပါတီခေါင်းဆောင်တွေအကြောင်း၊ ဒီမိုကရေစီအကြောင်း အများကြီး ဖတ်ရတယ်။ မဲပေးဖို့လှုံ့ဆော်တဲ့သီချင်းတွေလည်း တီဗွီမှာကြည့်ရတယ်။ ဒါပေမယ့် မဲပေးရမယ့်သူတွေကဘာတွေလုပ်ရမယ်၊ ဘယ်လို မဲပေးရမယ်ဆိုတာတော့ မသိသေးဘူး”ဟု မိတ်ဆွေတစ်ယောက်က ပြောသည်။ “ရန်ကုန်တိုင်းဒေသကြီးကမဲရုံတွေမှာ မဲပုံးခုနစ်ပုံးထားမယ်လို့ သိရတယ်။ ငါတို့က ခုနစ်ပုံးလုံးကို မဲထည့်ရမှာလား” ဟု မရှင်းမလင်းဖြစ်နေသူတွေလည်းရှိသည်။ မဲဆန္ဒရှင်များအတွက် အသိပညာပေးမှုသည် ယခုအချိန်တွင် အမှန်တကယ်လိုအပ်လာပေပြီ။

မဲဆန္ဒရှင်

မဲဆန္ဒရှင်တစ်ယောက်တွင် ရှိရမည့်အရည်အချင်း(၃)ရပ်ကို ဦးစွာပြောလိုပါသည်။ ပထမအရည်အချင်းမှာ ရွေးကောက်ပွဲကျင်းပသောနေ့(၇-၁၁-၂၀၁၀)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ ဒုတိယအရည်အချင်းမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ(သို့) ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ရပါမည်။ ဤလက်မှတ်တစ်ခုခု မရှိလျှင်၊ ပျောက်ဆုံးလျှင် မဲပေးခွင့်ဆုံးရှုံးနိုင်သဖြင့် အနည်းဆုံး ယာယီလက်မှတ်ရအောင် သက်ဆိုင်ရာဌာနကို တင်ပြဆောင်ရွက်ထားသင့်ပါသည်။ တတိယအရည်အချင်းမှာ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူဖြစ်ရပါမည်။ အများနားလည်အောင်ပြောရလျှင် မဲဆန္ဒနယ်မြေ(ရပ်ကွက်/ကျေးရွာ)တွင် ပုံစံ(၁၀)ဖြင့် နေထိုင်သူဖြစ်ရပါမည်။ ဤ(၃)ချက်နှင့်ပြည့်စုံလျှင် ယေဘုယျအားဖြင့် သင်သည် လာမည့်ရွေးကောက်ပွဲတွင် မဲပေးနိုင်သူ မဲဆန္ဒရှင်တစ်ယောက်ဖြစ်နေပါပြီ။ သင်နေထိုင်သော မဲဆန္ဒနယ်တွင် မဲပေးနိုင်သူ ဖြစ်လာပါပြီ။

အကယ်၍ သင်သည် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပတွင်ရောက်နေသည်ဆိုပါစို့။ သင်၏အခွင့်အရေး မဆုံးရှုံးအောင် နည်းလမ်းများသတ်မှတ်ပေးထားပါသည်။ သင်သည် အမြဲတမ်းနေရပ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ်လောင်းများကို မဲပြန်ပေးချင်လျှင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိမဲစာရင်းပါသော အမြဲတမ်းနေရပ်ရှိ မဲရုံသို့သွားရောက်၍ ကိုယ်တိုင်မဲပေးနိုင်ပါသည်။ သို့မဟုတ် ရွေးကောက်ပွဲနေ့မတိုင်မီ ပြန်သွား၍ ကြိုတင်မဲပေးနိုင်ပါသည်။ ဤကိစ္စအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့ သင်၏အမြဲတမ်းနေရပ်ကိုပြန်ပြီး မဲမပေးလိုဘဲ သင်ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသောလွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးလိုပါက လက်ရှိနေရပ်၌ အနည်းဆုံး ရက်ပေါင်း(၁၈၀)နေထိုင်ပြီးဖြစ်ဖို့လိုသည်။ ဤလိုအပ်ချက်ကိုက်ညီလျှင် ကိုယ်တိုင်ဝန်ခံချက်၊ လုပ်ငန်းတာဝန်ခံ ထောက်ခံချက်တို့ဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်၍သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားရန်ဖြစ်သည်။ ခွင့်ပြုချက်ရလျှင် သင်ရောက်နေသောနေရပ်၌မဲပေးနိုင်ပါပြီ။ ထိုအခါမျိုး၌ အမြဲတမ်းနေရပ်ရှိ မဲစာရင်းမှ သင့်အမည်ကိုဖျက်ပေးရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲချင်း ညှိနှိုင်းဆောင်ရွက်ကြပါလိမ့်မည်။



မဲပေးခွင့်မရှိသူ

အထက်တွင်ပြောခဲ့သော မဲဆန္ဒရှင်တစ်ယောက်၏ အရည်အချင်းများနှင့် ကိုက်ညီသည့်တိုင်အောင် မဲပေးခွင့်မရှိသူများလည်း ရှိပါသေးသည်။ ထိုသူများမှာ သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသူဟု သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား(သို့) နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်ကြ၏။

အခြားအရေးကြီးသော အချက်တစ်ခုမှာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ကြေညာထားသော မဲစာရင်းတွင် မိမိအမည်ကျန်ရစ်ခဲ့ပါက မိမိအမည်ကိုထည့်သွင်းပေးရန် တောင်းဆိုလွှာ တင်သွင်းနိုင်ပါသည်။

ကိုယ်စားလှယ်လောင်း

ဤမျှဆိုလျှင် မဲဆန္ဒရှင်အကြောင်း သိလောက်ပါပြီ။ ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သောသိကောင်းစရာများကို ပြောပါဦးမည်။ ဒါမှ ဘယ်မဲပုံးကို ဘယ်သူတွေထည့်ရမလဲဆိုတာ သဘောပေါက်ပေလိမ့်မည်။

ရှေးဦးစွာ မဲဆန္ဒနယ်အကြောင်း အကြမ်းဖျင်းပြောပါမည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်(သို့)တိုင်းဒေသကြီးလွှတ်တော်ဟူ၍ လွှတ်တော်သုံးရပ်ရှိသည်။ ထို့ကြောင့် မဲဆန္ဒနယ်ကိုလည်း ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ ပြည်နယ်(သို့) တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်ဟူ၍ သတ်မှတ်ပေးထားပါသည်။ အဆိုပါမဲဆန္ဒနယ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာပြီး ဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် ဝန်နှင့်အား မျှသလောက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြပါလိမ့်မည်။ တစ်နိုင်ငံလုံး ပြိုင်မလား၊ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုအတွင်းမှာလား၊ မဲဆန္ဒနယ် အနည်းဆုံး သုံးခုမှာပဲ ယှဉ်ပြိုင်မှာလား၊ ထိုထက်ပိုမှာလား၊ လွှတ်တော်ဘယ်နှရပ်မှာ ပြိုင်ကြမှာလဲ. . . ဆိုသည်ကတော့ ပါတီတို့၏ သဘောသာဖြစ်ပါသည်။ ပါတီတို့သည် ၎င်းတို့၏ စီမံချက်အတိုင်း ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းကြပါလိမ့်မည်။ ဤကိုယ်စားလှယ်လောင်းများထဲမှ တိုင်းပြည်အတွက် အလုပ်လုပ်မည့်သူများကို မဲဆန္ဒရှင်တို့က ရွေးချယ်မဲပေးကြရမှာဖြစ်ပါသည်။

မဲပုံးများ

မည်သို့ပင်ဖြစ်စေ ကော်မရှင်အနေဖြင့် မဲရုံတိုင်းတွင် လွှတ်တော်သုံးရပ်တွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအတွက် မဲပုံးသုံးပုံး အနည်းဆုံးထားပေးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်တိုင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းမဲပုံး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းမဲပုံးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းမဲပုံး သုံးပုံးစလုံးတွင် မဲထည့်ပိုင်ခွင့်ရှိပေသည်။

ဤနေရာတွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အကြောင်း ကြားညှပ်ပြောရန်လိုအပ်လာသည်။ ပြည်နယ်(သို့) တိုင်းဒေသကြီးတစ်ခုတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်း၏ အရေအတွက်သည် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိလျှင် ထိုပြည်နယ်(သို့) တိုင်းဒေသကြီးကို တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အဖြစ် သတ်မှတ်ပေးလျက် ၎င်းတို့၏ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တစ်ဦးစီ ရွေးချယ်တင်မြှောက်ခွင့်ရှိပါသည်။ တိုင်းဒေသကြီးလွှတ်တော်(သို့) ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို ၁၄-၈-၂၀၁၀ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပြီး ဖြစ်ပါသည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံဖွင့်ချိန်မှာ နံနက် ၆ နာရီဖြစ်၍ မဲရုံပိတ်...
၁၀ နာရီရပါသည်။ ရုံးပိတ်ရက်တွင် ရွေးကောက်ပွဲလုပ်သဖြင့် သာမန်အား...
သွားရေးလာရေးလွယ်ကူအဆင်ပြေနေသော နေရာတွင် ပြုလု...
ခက်ခဲလိမ့်မည်မဟုတ်ဟု ယူဆရပါသည်။ တစ်ဖန် မဲဆန္ဒနယ်အလိုက်...
အမည်စာရင်းကို ကြိုတင်ကြေညာထားပြီး ဖြစ်သဖြင့် မိမိစိတ်ကြိုက် ကို...
ဖြစ်နိုင်ပါသည်။

သင်သ...
ပြည်သူ့လွှ...
မဲစာရင်းတွ...
စာမတတ်သ...
သူ၏ လို...
လက်မှတ်...
ဆန္ဒမဲလက်...
ခြင်းလုပ်ရပ်...
သင်ရွေးချယ်...
အသား (✔...
သည်။

ပိုမိုရှင်းလင်း...
သော တိုင်းရင်းသ...
တိုင်းရင်းသားလူမျိ...
အတွက် ကရင်တို...
ရွေးချယ်တင်မြှော...
သုံးရပ်အတွက် မဲပုံ...
လူမျိုးကိုယ်စားလှ...
တိုင်းဒေသကြီးမျာ...
အထက်ရှိသော တ...
ကိုတော့ ကရင်တို...
သည်။

ထို့ကြောင့် ...
သုံးရပ်၏ မဲပုံးသုံး...
အပြင် ကရင်တိုင်း...
ဖြစ်ပါကလည်း အ...

ရပ်ကွက်/...
ထိုတစ်ယောက်အ...
တိုင်းရင်းသားတစ်...
ရမည်ဖြစ်ပါသည်...
ဖြစ်ပါသည်။

မဲဆန္ဒရှင်တ...
မဲရုံတွင် မဲထည့်ရ...
ကော်မရှင်အဖွဲ့ခွဲ...

ကို

ပါင်း(၁၈၀)နေထိုင်ပြီး
ထောက်ခံချက်တို့ဖြင့်
အဖွဲ့ခွဲသို့ လျှောက်ထား
မျိုး၌ အမြဲတမ်းနေရပ်
ပင်ရွက်ကြပါလိမ့်မည်။

က်ညီသည့်တိုင်အောင်
ဘင်ဒဏ်ကျခံနေရသူ၊
ခွင်းမှ လွတ်မြောက်ခွင့်
၊ နိုင်ငံခြားသား(သို့)

ရှင်အဖွဲ့ခွဲက ကြေညာ
ဘာင်းဆိုလွှာ တင်သွင်း

ားနှင့် သက်ဆိုင်သော
ဆိုတာ သဘောပေါက်

ဲပုံးပုံအခြေခံဥပဒေအရ
တော်ဟူ၍ လွှတ်တော်
ားသားလွှတ်တော်မဲဆန္ဒ
ထားပါသည်။ အဆိုပါ
ည်။
ယှဉ်ပြိုင်ကြပါလိမ့်မည်။
် အနည်းဆုံး သုံးခုမှာ
ဆိုသည်ကတော့ ပါတီ
ားလှယ်လောင်းအမည်
တွက် အလုပ်လုပ်မည့်

သှဉ်ပြိုင်မည့် ကိုယ်စား
ရှင်တိုင်းသည် ပြည်သူ့
ပင်းမဲပုံးနှင့် ပြည်နယ်
ဝိုင်ခွင့်ရှိပေသည်။
ရန်လိုအပ်လာသည်။
ချင်း၏ အရေးအတွက်
ချင် ထိုပြည်နယ်(သို့)
းတို့၏ တိုင်းရင်းသား
တ်တော်(သို့) ပြည်နယ်
် သတင်းစာများတွင်

သင်သည် မဲပေးရန်မဲရုံအတွင်းဝင်ရောက်လာသည်ဆိုပါစို့။ ပထမဆုံး ပြည်သူ့လွှတ်တော်မဲစာရင်း စစ်ဆေးသူရှေ့မှောက်သို့ သွားရောက်၍ မဲစာရင်းတွင်ပါသော သင့်နာမည်၏ဘေးတွင် လက်မှတ်ရေးထိုးရပါမည်။ စာမတတ်သူဖြစ်က လက်ဝဲလက်မလက်ဗွေနှိပ်ရပါမည်။ မဲစာရင်းစစ်ဆေးသူ၏ လိုအပ်သလို စိစစ်မှုကို ခံယူရပါလိမ့်မည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူရှေ့သွားပြီး ဆန္ဒမဲလက်မှတ် ထုတ်ယူရပါမည်။ ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်း၌ လက်မှတ်ရေးထိုးခြင်း၊ လက်ဗွေနှိပ်ခြင်းလုပ်ရပါမည်။ မဲလက်မှတ်ရသောအခါ လျှို့ဝှက်ဆန္ဒပြုအခန်းထဲဝင်၍ သင်ရွေးချယ်သော ကိုယ်စားလှယ်လောင်း၏ နာမည်ဘေးတွင် အမှန်အမှတ်အသား (✔) ကို ထင်ထင်ရှားရှား ရေးခြစ်ပေးခြင်းဖြင့် ဆန္ဒပြုရန်ဖြစ်ပါသည်။

နမူနာ ရန်ကုန်တိုင်းဒေသကြီး

ပိုမိုရှင်းလင်းစေရန် ရန်ကုန်တိုင်းဒေသကြီးကို ဥပမာပြပါမည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သော တိုင်းရင်းသားများအနက် တစ်နိုင်ငံလုံးလူဦးရေ၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိသော တိုင်းရင်းသားလူမျိုးမှာ ကရင်နှင့် ရခိုင်ဖြစ်၏။ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရန်ကုန်တိုင်းဒေသကြီးအတွက် ကရင်တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦး၊ ရခိုင်တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦး ရွေးချယ်တင်မြှောက်ခွင့်ရှိပေသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံတစ်ရုံတွင် လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးပုံး၊ ကရင်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အတွက် မဲပုံးတစ်ပုံး၊ ရခိုင်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အတွက် မဲပုံးတစ်ပုံး. . . စုစုပေါင်းမဲပုံးငါးပုံး အများဆုံးရှိနိုင်သည်။(အခြား ပြည်နယ်/တိုင်းဒေသကြီးများတွင်လည်း လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးပုံးနှင့် သုည ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိသော တိုင်းရင်းသားများအတွက် မဲပုံးတစ်ပုံးစီ ထပ်ဆောင်းပေးရမည်ဖြစ်ပါသည်။) ဤမဲပုံးနှစ်ပုံးကိုတော့ ကရင်တိုင်းရင်းသားနှင့် ရခိုင်တိုင်းရင်းသားတို့ကသာ သက်ဆိုင်ရာအလိုက် မဲထည့်ပိုင်ခွင့်ရှိကြပေသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကရင်နှင့် ရခိုင်မှအပ ကျန်မဲဆန္ဒရှင်များသည် လွှတ်တော်သုံးရပ်၏ မဲပုံးသုံးပုံးကိုသာ မဲထည့်ရပါမည်။ ကရင်တိုင်းရင်းသား မဲဆန္ဒရှင်ဖြစ်ပါက လွှတ်တော်သုံးပုံးအပြင် ကရင်တိုင်းရင်းသားမဲပုံးပါ ထည့်ရမည်ဖြစ်သဖြင့် မဲပုံးလေးပုံးထည့်ရပါမည်။ ရခိုင်တိုင်းရင်းသားမဲဆန္ဒရှင်ဖြစ်ပါကလည်း အလားတူ လွှတ်တော်သုံးပုံးနှင့် ရခိုင်တိုင်းရင်းသား တစ်ပုံး. . . မဲပုံးလေးပုံးထည့်ရပါမည်။

တရားမျှတခြင်း

ရပ်ကွက်/ကျေးရွာအုပ်စုတစ်စုတွင် ကရင်တိုင်းရင်းသားတစ်ယောက်သာ နေထိုင်သည် ဖြစ်အံ့၊ ထိုတစ်ယောက်အတွက် ကရင်တိုင်းရင်းသား မဲပုံးတစ်ပုံး ထားပေးရမည်ဖြစ်ပါသည်။ ထို့အတူ ရခိုင်တိုင်းရင်းသားတစ်ယောက်သာ နေထိုင်သည်ဖြစ်အံ့၊ သူ့အတွက် ရခိုင်တိုင်းရင်းသား မဲပုံးတစ်ပုံး ထားပေးရမည်ဖြစ်ပါသည်။ ဤသည်မှာ တရားမျှတသော ရွေးကောက်ပွဲ (Fair Election) ၏ ပြယုဂ်တစ်ခုဖြစ်ပါသည်။

မဲထည့်ပုံ

မဲဆန္ဒရှင်တစ်ယောက်သိသင့်သော မဲထည့်ပုံကို နောက်ဆုံးအနေဖြင့် ပြောချင်ပါသည်။ မိမိမည်သည့် မဲရုံတွင် မဲထည့်ရမည်ကို မဲစာရင်းကြေညာချိန်တွင်သိနိုင်ပါသည်။ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် စုံစမ်းနိုင်ပါသည်။

က် ၆ နာရီဖြစ်၍ မဲရုံပိတ်ချိန်မှာ ညနေ ၄ နာရီဖြစ်သောကြောင့် မဲပေးချိန်
ပွဲလုပ်သဖြင့် သာမန်အားဖြင့် အားလပ်ကြပါသည်။ မဲရုံများကို မဲဆန္ဒရှင်များ
ာ နေရာတွင် ပြုလုပ်ထားမည်ဖြစ်သောကြောင့် မဲရုံသို့သွားရန်
ာစ်ဖန် မဲဆန္ဒနယ်အလိုက် အတည်ပြုပြီး ကိုယ်စားလှယ်လောင်းများ၏
သဖြင့် မိမိစိတ်ကြိုက် ကိုယ်စားလှယ်လောင်းကို စိတ်ထဲမှာရွေးချယ်ထားပြီး

သွားကြစို့ မဲရုံဆီ

❍ အရှေ့ဆီ ရောင်နီကျင်းလို့
လင်းအရုဏ် သစ်ခဲ့ပြီ။
ညင်းပြေပြေ လေနအေးနဲ့
ငှက်ကျေး စိုးစီ။
မင်္ဂလာ နေ့အသစ်မှ
ခေတ်သစ်တစ်ခု စတော့မည်
ပြည်သူရဲ့ အနာဂတ်အရေး။
ရွှေနိုင်ငံ အတည်ဖြစ်စေဖို့
ပြည်ချစ်ဆွေ တူလက်တွဲလို့ရယ်
ပါတီစုံ ရွေးကောက်ပွဲကို
နွဲကြစို့လေး။

❍ ပြည်သူကို ကိုယ်စားပြုမယ့်
ပြည်သူ့ကိုယ်စားလှယ်တွေ။
အသိတရားယှဉ်
သတိတရားနဲ့ ဆင်ခြင်တွေး
ရွေးချယ်စို့လေ။
အနာဂတ် ကောင်းမွေ
ကမ်းဆင့်ဝေ အောင်စေသား။
ဒီမိုကရေစီရေး တာဝန်
အမျိုးသားရေး တာဝန်ပေမို့
ကျေပွန်စေ ပြည်သူတိုင်း
ဝိုင်းဝန်းစို့လား။

❍ ဒို့ညီနောင် သွေးချင်းများ
သွားကြစို့ မဲရုံဆီ။
ရွေးကောက်ပွဲ အောင်မြေစခန်းက
တက်လှမ်းရမည်။
မောင်တို့လည်း မကျန်ပြီ
စုံညီစွာ ဆန္ဒပေး။
မယ်တို့လည်း မကျန်ပြီ
စုံညီစွာ ဆန္ဒပေး။
ကိုယ့်အနာဂတ် ကိုယ်တိုင်ရွေးလို့
အမျိုးသားရေး ပန်းတိုင်အရောက်
လှမ်းလျှောက်စို့လေး။ ။

ဇော်မင်းမင်းဦး

ရွေးကောက်ပွဲနေ့တွင် မဲရုံဖွင့်ချိန်မှာ နံနက် ၆ နာရီဖြစ်၍ မဲရုံပိတ်ချိန်မှာ ညနေ ၄ နာရီဖြစ်သောကြောင့် မဲပေးချိန် ၁၀ နာရီရပါသည်။ ရုံးပိတ်ရက်တွင် ရွေးကောက်ပွဲလုပ်သဖြင့် သာမန်အားဖြင့် အားလပ်ကြပါသည်။ မဲရုံများကို မဲဆန္ဒရှင်များ သွားရေးလာရေးလွယ်ကူအဆင်ပြေနေသော နေရာတွင် ပြုလုပ်ထားမည်ဖြစ်သောကြောင့် မဲရုံသို့သွားရန် ခက်ခဲလိမ့်မည်မဟုတ်ဟု ယူဆရပါသည်။ တစ်ဖန် မဲဆန္ဒနယ်အလိုက်အတည်ပြုပြီး ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကြိုတင်ကြေညာထားပြီးဖြစ်သဖြင့် မိမိစိတ်ကြိုက် ကိုယ်စားလှယ်လောင်းကို စိတ်ထဲမှာရွေးချယ်ထားပြီး ဖြစ်နိုင်ပါသည်။

မဲမထည့်ခင် မဲရုံရှုခင်းကို သိသာမြင်သာအောင် အနည်းငယ်ပြောပါဦးမည်။ မဲရုံတိုင်းတွင် ပရဝဏ် သတ်မှတ်ထားပါသည်။ ပရဝဏ်ထဲဝင်ပြီးမှ မဲရုံဆီကိုရောက်ပါမည်။ လူနေထူထပ်သော မြို့ပြရပ်ကွက်များ၊ (Down Town)မှာတော့ ပရဝဏ်ခက်ခက်ခဲခဲကျပ်ကျပ်တည်းတည်း သတ်မှတ်ကောင်း သတ်မှတ်ရပါလိမ့်မည်။

မဲရုံထဲတွင် မဲပေးခြင်းလုပ်ငန်းကိုလုပ်ဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူနှင့် မဲရုံလုံခြုံရေးဆောင်ရွက်သူတို့အပြင် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များရှိကြပါသည်။ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ (Free and Fair Election) ဖြစ်ကြောင်း ခိုင်မာစွာပြသရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်များကို မဲရုံတွင်နေခွင့်ပြုထားပါသည်။ မဲပုံးများနှင့် လျှို့ဝှက်ဆန္ဒပြုခန်းများကို လွှတ်တော်အလိုက်၊ တိုင်းရင်းသားလူမျိုးအလိုက် စနစ်တကျခင်းကျင်းထားပါသည်။

ဆန္ဒမဲလက်မှတ်များ၏ ရှေ့မျက်နှာတွင် ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် လိုဂို (LOGO) ကို ရိုက်နှိပ်ထားပါသည်။

သင်သည် မဲပေးရန်မဲရုံအတွင်းဝင်ရောက်လာသည်ဆိုပါစို့။ ပထမဆုံးပြည်သူ့လွှတ်တော်မဲစာရင်းစစ်ဆေးသူရှေ့မှောက်သို့ သွားရောက်၍ မဲစာရင်းတွင်ပါသော သင့်နာမည်၏ဘေးတွင် လက်မှတ်ရေးထိုးရပါမည်။ စာမတတ်သူဖြစ်က လက်ဝဲလက်မလက်ဗွေနှိပ်ရပါမည်။ မဲစာရင်းစစ်ဆေးသူ၏ လိုအပ်သလို စိစစ်မှုကိုခံယူရပါလိမ့်မည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ထုတ်ပေးသူရှေ့သွားပြီး ဆန္ဒမဲလက်မှတ် ထုတ်ယူရပါမည်။ ဆန္ဒမဲလက်မှတ်၏ လက်ခံဖြတ်ပိုင်း၌ လက်မှတ်ရေးထိုးခြင်း၊ လက်ဗွေနှိပ်ခြင်းလုပ်ရပါမည်။ မဲလက်မှတ်ရသောအခါ လျှို့ဝှက်ဆန္ဒပြုအခန်းထဲဝင်၍ သင်ရွေးချယ်သော ကိုယ်စားလှယ်လောင်း၏ နာမည်ဘေးတွင် အမှန်အမှတ်အသား(✔)ကို ထင်ထင်ရှားရှားရေးခြစ်ပေးခြင်းဖြင့် ဆန္ဒပြုရန်ဖြစ်ပါသည်။
သတိပြုရန်မှာ . . . ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ဆန္ဒပြုလျှင်၊ မည်သူ့ကိုမှ လုံးဝဆန္ဒမပြုလျှင်၊ မဲလက်မှတ်ပေါ်တွင် အခြားအမှတ်အသားများ ရေးထည့်လိုက်လျှင်၊ မဲလက်မှတ်စုတ်ပြဲလျှင်. . . ပယ်မဲဖြစ်သွားပါလိမ့်မည်။ ဆန္ဒပြုပြီးပါက လျှို့ဝှက်ဆန္ဒပြုခန်းမှ ထွက်၍ အများရှေ့မှောက်တွင် မဲလက်မှတ်ကို ခေါက်၍ မဲပုံးထဲဝင်အောင် ထည့်လိုက်ရုံသာဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ဆန္ဒပြုပြီးသောအခါ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်များကိုလည်း အထက်ပါအတိုင်း ဆန္ဒပြုရန်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်ကို ဆန္ဒပြုရမည့်သူဖြစ်ပါက နောက်ထပ် သက်ဆိုင်ရာမဲပုံးတစ်ပုံးကို ဆက်ထည့်ရပါဦးမည်။ ဤသို့ဖြင့် မဲပေးခြင်းအလုပ်ပြီးဆုံးပါသည်။

နိဂုံး

သင်သည် ညနေ ၄ နာရီမထိုးမီ မဲရုံထဲမရောက်သည့်တိုင်အောင် မဲရုံပရဝဏ်ထဲ ဝင်ထားမိဖို့လိုသည်။ အဘယ်ကြောင့်ဆိုသော် ၄ နာရီ မဲရုံပိတ်သည်ဆိုသော်ငြားလည်း ပရဝဏ်အတွင်း ရောက်နေသူများကိုမူ ၄ နာရီကျော်သည့်တိုင် အားလုံးကုန်စင်အောင် မဲပေးခွင့်ပြုသောကြောင့် ဖြစ်ပါသည်။ ။

ဗြိတိန်၏ ပင်လယ်ပြင်လုံခြုံရေးအတွက် ပြင်သစ်ကို အားထားရတော့မည်ဟုဆို

လန်ဒန် အောက်တိုဘာ ၂၄ - ဗြိတိန်တော်ဝင်လေတပ်မတော်၏ နင်းရော့ဒ်သူလျှိုလေယာဉ်များကို ပျံသန်းမှုအနားပေးခဲ့ခြင်းကြောင့် ဗြိတိန်၏ကာကွယ်ရေးစွမ်းပကားသည် အင်အားယုတ်လျော့ခဲ့ရာ ရေကြောင်းတိုက်ခိုက်မှုများကို ကာကွယ်တားဆီးရန် ပြင်သစ်နိုင်ငံကိုသာအားထားရတော့မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံထုတ် သည်ဆန်းသတင်းစာက အောက်တိုဘာ ၂၂ရက်တွင် ဖော်ပြသည်။

ပျံသန်းမှု ရပ်နားသွားသော ဗြိတိန်လေတပ်မှ နင်းရော့ဒ် သူလျှိုလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ဗြိတိန်နိုင်ငံတွင်းရှိ လေတပ်အခြေစိုက်စခန်းများတွင်ထားရှိသော ပြင်သစ်လေတပ်မှ အတ္တလန္တိတ် သူလျှိုလေယာဉ်များက ဗြိတိန်ပိုင်နက်အတွင်း အခွင့်မရဘဲဝင်ရောက်လာသော သင်္ဘောများနှင့် ရေငုပ်သင်္ဘောများကို စောင့်ကြည့်တားဆီးပေးရတော့မည်ဖြစ်သည်။

ယင်းကဲ့သို့ ကာကွယ်ရေးကဏ္ဍ၌ ပြင်သစ်ကိုမှီခိုလာရခြင်းသည် ၁၈၀၅ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဖြစ်ပွားခဲ့သော ထရာဖယ်လ်ဂါရေကြောင်းတိုက်ပွဲ၌ အင်္ဂလိပ်ရေတပ်က ပြင်သစ်ရေတပ်ကို အနိုင်ယူပြီးနောက်ပိုင်း ဗြိတိန်စစ်ဘက်အတွက် သိက္ခာကျဖွယ် ကိစ္စတစ်ရပ် ဖြစ်လာသည်။

ထောက်လှမ်းတွေ့ရှိ

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက နင်းရော့ဒ်သူလျှိုလေယာဉ်များကို ပျံသန်းမှုအနားပေးကြောင်းကြေညာပြီး မကြာမီတွင် ဗြိတိန်ကမ်းလွန် မိုင် ၇၀ခန့်အကွာတွင် ရုရှားရေငုပ်သင်္ဘောနှစ်စင်းကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း သည်ဆန်းသတင်းစာတွင်ဖော်ပြသည်။

နင်းရော့ဒ်လေယာဉ်များ မြေပြင်တွင်ရပ်နားထားရခြင်းနှင့် ပြင်သစ်လေယာဉ်များမှာလည်း လောင်စာဆီမရှိခြင်းကြောင့် အဆိုပါ ရုရှားရေငုပ်သင်္ဘောများကို အမေရိကန် ပီ-၃အိုရီယွန် ဂျက်လေယာဉ်များက ခြေရာခံ စောင့်ကြည့်ခဲ့ရသည်ဟု ဆိုသည်။

သည်ဆန်း။

စက်ရုပ်လက်နက်နည်းပညာများဆိုင်ရာ ကျင့်ဝတ်ဥပဒေများ ပြဋ္ဌာန်းရန် ကုလသမဂ္ဂတိုက်တွန်း

ကုလသမဂ္ဂ အောက်တိုဘာ ၂၄ - မောင်းသူမဲ့ လေယာဉ်ကဲ့သို့သော လူမဲ့ စစ်လက်နက်များကို စစ်မြေပြင်၌ အသုံးပြုခြင်းသည် ဥပဒေအရ ဘောင်ဝင်ခြင်းရှိ၊ မရှိနှင့် ကျင့်ဝတ်အရ သင့်၊ မသင့်ကို လေ့လာသုံးသပ်ရန် အဖွဲ့အစည်းတစ်ရပ် ထူထောင်သင့်ကြောင်း ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက အောက်တိုဘာ ၂၂ ရက်တွင် တောင်းဆိုခဲ့သည်။

စစ်မြေပြင်သုံး စက်ရုပ်နည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ တရားဥပဒေ၊ နိုင်ငံရေး၊ ကျင့်ဝတ်သိက္ခာဆိုင်ရာ ပြဿနာများလည်း တစ်ပါတည်း ပေါ်ပေါက်နေရာ ကုလသမဂ္ဂအနေဖြင့် အရေးတကြီးဖြေရှင်းရန်လိုအပ်ကြောင်း ကုလအထွေထွေညီလာခံ လူ့အခွင့်အရေးကော်မတီသို့ တင်သွင်းသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းသို့ စစ်မြေပြင်သုံး စက်ရုပ်နည်းပညာများအရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂကျွမ်းကျင်သူများ လေ့လာသုံးသပ်ခဲ့ခြင်းသည် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဖြစ်သည်။ ဇွန်လအတွင်းကလည်း ကုလသမဂ္ဂ အထူးအစီရင်ခံစာရေးသားသူ ဖိလစ်အယ်လ်စတန်က အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံများ၌ ပုန်းခိုနေသော အယ်လ်ခိုင်ဒါများနှင့် တာလီဘန်များအပေါ် လုပ်ဆောင်နေသည့် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ၏ မောင်းသူမဲ့ လေယာဉ်စစ်ဆင်ရေးများကို ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ မောင်းသူမဲ့လေယာဉ် တည်ဆောက်ရေး စက်ရုံ။

စစ်မြေပြင်သုံး စက်ရုပ်နည်းပညာများကြောင့် အရပ်သားများသေဆုံးရမှုနှင့် ယင်းနည်းပညာများကို ကျင့်ဝတ်ဥပဒေ၊ နည်းပညာဖော်ဆောင်မှု စံနှုန်းများနှင့်အညီ အသုံးပြုရေးအတွက် သုံးသပ်ဆွေးနွေးမှုများ လုပ်ဆောင်သင့်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

နည်းပညာကျွမ်းကျင်သော အကြမ်းဖက်သမားများ လေယာဉ်၏ကွန်ပျူတာစနစ်ကို အန္တရာယ်ပေးနိုင်

လန်ဒန် အောက်တိုဘာ ၂၄

နည်းပညာကျွမ်းကျင်သော အကြမ်းဖက်သမားများသည် လေယာဉ်ပျံ၌ တပ်ဆင်ထားသော ကွန်ပျူတာစနစ်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ကာ ယင်းလေယာဉ်ပျက်ကျအောင် ပြုလုပ်နိုင်သည့် ဘေးအန္တရာယ်ရှိကြောင်း ဗြိတိန်နိုင်ငံရှိ အမျိုးသားလုံခြုံရေးမဟာဗျူဟာဌာန၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လုပ်ဆောင်နိုင်

မျိုးဆက်သစ် အကြမ်းဖက်သမားများသည် နျူကလီးယား ဓာတ်အားပေးစက်ရုံများနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၌ အသုံးပြုသော ကွန်ပျူတာစနစ်များ ပျက်ပြားစေရန်လည်း လုပ်ဆောင်နိုင်စွမ်းရှိကြောင်း အဆိုပါ လေ့လာချက်ကို ကိုးကားလျက် ဒေးလီးမေးလ် သတင်းစာက ရေးသားဖော်ပြသည်။

အကြမ်းဖက်ကလာပ်စည်းများနှင့် ပြည်ပနိုင်ငံများရှိ အကြမ်းဖက်အဖွဲ့အစည်းများသည် ကွန်ပျူတာ နည်းပညာကျွမ်းကျင်သူ အကြမ်းဖက်သမားများကို အသုံးချလာနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပျက်စီးအောင်တိုက်ခိုက်နိုင်

ကွန်ပျူတာကွန်ရက်နည်းပညာရှင် အကြမ်းဖက်သမားများသည် ဆော့ဖ်ဝဲဗိုင်းရပ်စ်များကို ဖန်တီးခြင်း၊ အဖျက်အမှောင့် ကွန်ပျူတာပရိုဂရမ်များနှင့် အီးမေးလ်များကို ရေးသားခြင်း စသည့်နည်းလမ်းများဖြင့် ခရီးသည်တင် လေယာဉ်များ၏ ကွန်ပျူတာစနစ် ပျက်စီးအောင် တိုက်ခိုက်လာနိုင်ကြောင်း အမျိုးသားလုံခြုံရေး မဟာဗျူဟာဌာနက ပြောကြားသည်။

ခရီးသည်တင်လေယာဉ်များပေါ်ရှိ ကွန်ပျူတာစနစ်များအတွင်းသို့ အကြမ်းဖက်သမားများ ထွင်းဖောက်ဝင်ရောက်ကာ အဖျက်အမှောင့်ပြုလုပ်နိုင်ခြင်းမရှိစေရန် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေး မဟာဗျူဟာဌာနက ပြောကြားသည်။

အင်တာနက်။

ဟေတီ၌ ဝမ်းရောဂါဖြစ်ပွား သေဆုံးသူ ၂၀၀ကျော်အထိရှိ နိုင်ငံမြို့တော်သို့ပါ ကူးစက်လာ

ပေါ့တိုပရင့်စ် အောက်တိုဘာ ၂၄

ဟေတီနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော ဝမ်းရောဂါသည် မြို့တော်ပေါ့တိုပရင့်စ်အတွင်းထိ ကူးစက်လာခဲ့ပြီး ဝမ်းရောဂါဖြစ်ပွားသူ ငါးဦးကို စိစစ်တွေ့ရှိရကြောင်း ကုလသမဂ္ဂက ယနေ့ သတင်းထုတ်ပြန်သည်။

ဝမ်းရောဂါကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးခဲ့ရသော ဟေတီနိုင်ငံသားဦးရေမှာ ၂၀၀ကျော်ခဲ့ပြီ ဖြစ်သည်။ ရောဂါကူးစက်မှုအဟုန်သည် အလွန်မြင့်မားလျက်ရှိကြောင်း ဟေတီနိုင်ငံရောက် နိုင်ငံတကာ ပရဟိတ အဖွဲ့အစည်းတစ်ရပ်က ပြောကြားသည်။

သီးခြားခွဲထုတ်ထား

ဝမ်းရောဂါကူးစက်ဖြစ်ပွားခဲ့သော ပေါ့တိုပရင့်စ်မြို့တော်အတွင်းမှ လူနာငါးဦးကို ဆေးဝါးကုသမှုများ လုပ်ဆောင်ပြီး အများနှင့်သီးခြားခွဲထုတ်ထားကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

၎င်းတို့သည် ရောဂါအဓိကကူးစက်ပြန့်ပွားလျက်ရှိသော အာတီဘိုးနိုတ်ဒေသတွင် ကူးစက်ခံခဲ့ရပြီးနောက် ပေါ့တိုပရင့်စ်မြို့တွင်းသို့ ဝင်ရောက်လာသူများဖြစ်သည်ဟု ဆိုသည်။

ဟေတီနိုင်ငံတွင် ဇန်နဝါရီလက ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ဒုက္ခသည် တစ်သန်းကျော်တို့သည် ပေါ့တိုပရင့်စ်မြို့တွင်းရှိ ရွက်ဖျင်တဲများတွင် ခိုလှုံနေထိုင်လျက်ရှိရာ ယင်းမြို့တွင်း၌ ဝမ်းရောဂါကူးစက်ပျံ့နှံ့လာဖွယ်အရေးမှာ စိုးရိမ်ဖွယ်ရှိကြောင်း သိရသည်။ **အင်တာနက်။**

လူတစ်ဦးကို တစ္ဆေအဖြစ်မှားယွင်းယူဆရာမှ မိသားစုတစ်စုလုံး တတိယထပ်မှကြောက်လန့်ခုန်ချ

ပါရီ အောက်တိုဘာ ၂၄

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ ဆင်ခြေဖုံးဒေသ၌ နေထိုင်သော မိသားစုတစ်စုသည် လူတစ်ဦးကို သရဲတစ္ဆေအဖြစ် ထင်မြင်ယူဆကာ ၎င်းတို့နေထိုင်ရာ တတိယထပ်တိုက်ခန်းပြတင်းပေါက်မှ အလန့်တကြားခုန်ချထွက်ပြေးခဲ့ခြင်းကြောင့် ၁၀ဦးဒဏ်ရာရရှိပြီး ကလေးတစ်ဦးသေဆုံးခဲ့ကြောင်း အောက်တိုဘာ ၂၄ရက် သတင်းများတွင်ဖော်ပြသည်။

ဒဏ်ရာများရရှိခဲ့သော်လည်း အသက်ရှင်ကျန်ရစ်သူ အာဖရိကနွယ်ဖွား မိသားစုဝင်များကို ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း တရားရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အောက်တိုဘာ ၂၃ရက်ကဖြစ်ပွားခဲ့သော အဆိုပါအဖြစ်အပျက်၏ အကြောင်းရင်းခံကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ အဆိုပါ မိသားစုဝင်များသည် ရည်ရွယ်ချက်ရှိရှိခုန်ချခဲ့ခြင်းဟုတ်၊ မဟုတ်နှင့် အဓမ္မစေခိုင်းခံရ၍ ခုန်ချရခြင်းဟုတ်၊ မဟုတ်ကို စုံစမ်းလျက်ရှိသည်။

ကနဦး စစ်ဆေးချက်များအရ မိသားစုဝင်အမျိုးသမီးတစ်ဦး စိတ်ကယောင်ချောက်ချားဖြစ်ကာ မကောင်းဆိုးဝါးကို တွေ့မြင်ရကြောင်း အော်ဟစ်ရာမှ ကြောက်လန့်တကြား ခုန်ချထွက်ပြေးကြခြင်းဖြစ်သည်ဟု ဆိုသည်။

မိသားစုဝင်များ ရုပ်မြင်သံကြားကြည့်ရှုနေသော တိုက်ခန်းထဲသို့ ဝင်ရောက်လာသူတစ်ဦးကို တစ္ဆေအဖြစ် မှားယွင်းထင်မြင်မိရာမှ ယခုဖြစ်ရပ်စတင်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်ရုပ်သံဌာနများက သုံးသပ်သည်။

အေပီ။

အာဖဂန်ရှိ ကုလသမဂ္ဂအဆောက်အအုံကို အသေခံဗုံးခွဲသမားများတိုက်ခိုက်

ကဘူး အောက်တိုဘာ ၂၄ - အာဖဂန်ရဲတပ်ဖွဲ့ဝတ်စုံများဝတ်ဆင်ပြီး မျက်နှာဖုံးများ လွှမ်းထားသော အသေခံဗုံးခွဲသမားလေးဦးသည် အာဖဂန်နစ္စတန်အနောက်ပိုင်း ဟာရတ်ပြည်နယ် ဟာရတ်မြို့ရှိ ကုလသမဂ္ဂအဆောက်အအုံကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ကုလသမဂ္ဂဝန်ထမ်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ သို့ရာတွင် အဆောက်အအုံကိုစောင့်ကြပ်နေသော ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီဝန်ထမ်းသုံးဦးမှာ ဒဏ်ရာရခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနကပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက လက်ဦးမှုရယူနိုင်ခဲ့ခြင်းကြောင့် အသေခံဗုံးခွဲသမားလေးဦးသေဆုံးခဲ့ကြောင်း ဟာရတ်ပြည်နယ် လက်ထောက်ရဲမှူးက ပြောကြားသည်။ သို့ရာတွင် အသေခံဗုံးခွဲသမားတစ်ဦးသည် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ယာဉ်တစ်စီးကို ကုလအဆောက်အအုံဂိတ်ဝတွင်ဖောက်ခွဲနိုင်ခဲ့ကြောင်း ၎င်းကဆိုသည်။

တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် ကုလသမဂ္ဂဝန်ထမ်းများမှာ လုံခြုံသောနေရာတွင် ပုန်းခိုနိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ကဘူးမြို့တော်နှင့် ဟာရတ်မြို့တို့ရှိ ကုလတာဝန်ရှိသူများက အတည်ပြုသည်။

တာလီဘန်များသည် ကုလသမဂ္ဂကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစ၍ ပစ်မှတ်ထားတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ ထိုစဉ်က ကဘူးမြို့ရှိ တည်းခိုဆောင်တစ်ခု တိုက်ခိုက်ခံခဲ့ရခြင်းကြောင့် ကုလဝန်ထမ်းခြောက်ဦး အပါအဝင် လူ ၁၂ ဦး သေဆုံးခဲ့ရသည်။

အေအက်ဖ်ပီ။

ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသော ဟာရတ်မြို့ ကုလအဆောက်အအုံတွင် လုံခြုံရေးတာဝန်ယူထားသော အာဖဂန်ရဲတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ကို "ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊ အမျိုးသားပညာရည် မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး" ဟူသည့် ဦးတည်ချက်များနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၀၉ ခုနှစ် (၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပပြီးစီးမှု အစီရင်ခံစာကို ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက လည်းကောင်း၊ ၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပရေးစီမံချက်ကို ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များက ကျင်းပရေးစီမံချက်ပါ လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ မိမိတို့ဆပ်ကော်မတီ အလိုက် လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ဆွေးနွေးတင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးဆက်လက်ရွာမည်

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်ပန်းတောင်းမြို့တွင် ၄ ဒသမ ၃၅ လက်မ၊ မုံရွာမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၃ ဒသမ ၀၃ လက်မစီ၊ ဝမ်းတွင်းမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မလှိုင်မြို့တွင် ၂ ဒသမ ၅၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ မြစ်သားမြို့တွင် ၂ ဒသမ ၃၄ လက်မ၊ သံတွဲမြို့နှင့် အမ်းမြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ စဉ့်ကူးမြို့တွင် ၂ ဒသမ ၁၅ လက်မ၊ ရွှေဘိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၂၅ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကာယဗလမောင်နှင့် ကာယအလှမယ် မြို့နယ်ပေါင်းစုံတံခွန်စိုက်ပြိုင်ပွဲနှင့် တိုင်းပဏာမ လူရွေးပြိုင်ပွဲများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ် ဆပ်ကော်မတီကကြီးမှူး၍ ၂၀၁၀ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံတံခွန်စိုက် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲနှင့် တိုင်းပဏာမ လူရွေးပြိုင်ပွဲများကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၁၁ မြို့နယ်တို့မှ ကာယဗလမောင်လောင်း ၃၆ ဦးနှင့် ကာယအလှမယ်လောင်း ကိုးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှမယ်အဖွဲ့ချုပ်မှ အမှုဆောင် ဒိုင်လူကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ် ဆပ်ကော်မတီမှ အမှုဆောင်လူကြီးများက ပြိုင်ပွဲများတွင် ဆုရရှိကြသော ကာယဗလမောင်များနှင့် ကာယအလှမယ်များအား ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ် ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးထွန်းလင်းက မြို့နယ်ပေါင်းစုံ တံခွန်စိုက်ဆုရရှိသော ပန်းဘဲတန်းမြို့နယ် အသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ် ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးထွန်းလင်း မြို့နယ်ပေါင်းစုံ တံခွန်စိုက်ဆုရရှိသော ပန်းဘဲတန်းမြို့နယ် အသင်းအား ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဟာနန်ဒက်ဇ်၏ သွင်းဂိုးများဖြင့် မန်ယူအသင်းနိုင်ပွဲပြန်ရ သုံးပွဲဆက်သရေကျမှုနှင့် အဝေးကွင်းနိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်

လန်ဒန် အောက်တိုဘာ ၂၄

ပရီမီယာလိဂ်ပွဲစဉ်(၉) ဒုတိယနေ့ရဲ့ ပထမပွဲစဉ်အဖြစ် ဘရစ်တနီယာကွင်းမှာ စတုတ်စီးတီးနဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက နှစ်ဂိုး- တစ်ဂိုးနဲ့ နိုင်ပွဲ ရရှိခဲ့ပါတယ်။

အိမ်ရှင် စတုတ်စီးတီးမှာ ဆိုရင်ဆင်၊ ဂျုန်းစ်၊ ဒီလက်၊ ဝဲလ်တာ၊ ဟုသ်၊ ပီနန့်၊ အက်သရင်တန်၊ ရှောခရော့စ်စတဲ့ အမာခံကစားသမားများ ပါဝင်ခဲ့ပြီး ဧည့်သည် မန်ယူအသင်းကတော့ ဗန်ဒါဆား၊ ဖာဒီနန်၊ ဗီဒစ်၊ အီဗရာ၊ နဗီးလ်၊ နာနီ၊ ပေါလ်စခိုး၊ ဖလက်ချာ၊ အိုရှီးယား၊ ဘာဘာတော့ဗ်၊ ဟာနန်ဒက်ဇ်တို့နဲ့ ပွဲထွက်လာခဲ့ပါတယ်။

ကာကွယ်

အသင်းငယ်စတုတ်စီးတီးဟာ အသင်းကြီးမန်ယူရဲ့ အရှိန်အဝါကိုရှိန်မနေဘဲ ပွဲစတာနဲ့ သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်စစ်ဆင်ကစားလာခဲ့ပါတယ်။ မန်ယူဟာ သုံးပွဲဆက်တိုက် သရေကျခဲ့မှုနဲ့ အဝေးကွင်း နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ရေးအတွက် အထူးကြိုးစား ကစားလာတာကို တွေ့ရပါတယ်။ အိမ်ရှင် စတုတ်စီးတီးကလည်း ပီနန့်၊ ဝဲလ်တာ၊ ဂျုန်းစ်တို့ရဲ့ တွဲလုံးတွေနဲ့ မန်ယူဘက်ကို မကြာမကြာ ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဖာဒီနန်ဦးဆောင်တဲ့ မန်ယူနောက်တန်းက အကောင်းဆုံး ကာကွယ် ဟန့်တားနိုင်ခဲ့ပါတယ်။

နောက်ပြန်ခေါင်းတိုက်

ဘာဘာတော့ဗ်၊ ဟာနန်ဒက်ဇ်တို့ရဲ့ တိုက်စစ်ပိုင်းကို နာနီ၊ ဖလက်ချာတို့ရဲ့ တောင်ပံအားတွေပေါင်းစပ်ပြီး စတုတ်စီးတီးဘက်ကို တရစပ် ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၂၇ မိနစ်မှာ မန်ယူ ဦးဆောင်ဂိုး ရယူနိုင်ခဲ့ပါတယ်။ ဒီဂိုးကတော့ နောက်ခံလူဗီဒစ် ခေါင်းတိုက်ချပေးတာကို တိုက်စစ်မှူး ဟာနန်ဒက်ဇ်က နောက်တစ်ဆင့် နောက်ပြန်ခေါင်းတိုက်ပြီး သွင်းယူခဲ့တာပဲဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ စတုတ်စီးတီး ချေပဂိုးရရှိရေးကြိုးစားလာမှုကို မန်ယူအသင်း ပြန်လည်ဟန့်တားရာမှာ ကြမ်းတမ်းခဲ့တာကြောင့် နဗီးလ်နဲ့ ပေါလ်ခိုးတို့ အဝါကတ်ပြ သတိပေးခြင်း ခံခဲ့ရပါတယ်။

ရပ်တန့်နိုင်ခဲ့

ဒုတိယပိုင်းမှာ မန်ယူအသင်းဟာ နဗီးလ်အစား ဝက်စ်ဘရောင်း၊ အိုရှီးယားအစား မိုက်ကယ်ကာရစ်၊ ပေါလ်စခိုးအစား ဘိုဘာတန်တို့ကို ထည့်သွင်းခဲ့ပြီး စတုတ်ကလည်း ကောလင်းအစား ဘိုတန်၊ ပီနန့်အစား ဂွတ်ဂျွန်ဆင်၊ ဝဲလ်တာအစား တွန်ကေးဆန်လီတို့ကို ထည့်သွင်းကစားစေခဲ့ပါတယ်။ ပွဲချိန် ၈၁မိနစ်မှာ ဝဲလ်တာအစား လူစားဝင်လာတဲ့ တွန်ကေးဆန်လီက ဘယ်ခြေနဲ့ အပြင်းကန်သွင်းပြီး ချေပဂိုးရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၈၆ မိနစ်မှာ ဟာနန်ဒက်ဇ်က တစ်ဂိုးထပ်သွင်းခဲ့တာကြောင့် ပွဲအပြီးမှာ မန်ယူကနှစ်ဂိုး- တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

မန်ယူအသင်းဟာဒီပွဲကို အနိုင်ရရှိခဲ့တာကြောင့် သုံးပွဲဆက်တိုက် သရေကျခဲ့မှုနဲ့ အဝေးကွင်းနိုင်ပွဲ ပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အခြားပွဲစဉ်ရလဒ်

လီဗာပူး	၂ - ၁	ဘလက်ဘန်း	
မန်စီးတီး	၀ - ၃	အာဆင်နယ်	

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

Life Style & People Choice 2010ပြပွဲ

Censtar, SETRA, SHINPO အမှတ်တံဆိပ် ကုန်ပစ္စည်းများပြသ

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Life Style & People Choice 2010 ပြပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသခဲ့ရာ Censtar, SETRA, SHINPO အမှတ်တံဆိပ်ကုန်ပစ္စည်းများ ပြခန်းလည်း ပါဝင်ပြသသည်။ **(ယာအစွန်ပုံ)**

အဆိုပါ ပြခန်းတွင် Censtar အမှတ်တံဆိပ် စက်သုံးဆီပန့်နှင့် အပိုပစ္စည်း အစိတ်အပိုင်းများကို ပြသထားသည်။ Censtar ကုမ္ပဏီသည် Petroleum ဆိုင်ရာ ISO လက်မှတ်များနှင့် အခြားနိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များ ရရှိထားပြီး တရုတ်နိုင်ငံ၏ နံပါတ်(၁) အဆင့်ရှိ China Top Brand ဆုကို ရရှိထားသည်။ Censtar Products များသည် Sinopecနှင့် Petrochina တို့၏ Main Suppiler ဖြစ်ပြီး တစ်နိုင်ငံလုံး၏ ဈေးကွက်ရှယ်ယာ အများဆုံး ရရှိထားပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေနံကုမ္ပဏီများသို့ ရောင်းချပေးလျက်ရှိသည်။ Censtar Dispenserများသည် စဉ်ဆက်မပြတ်သုံးလျှင် တစ်ကြိမ်လျှင် ၉၉၉၉ လီတာ ထည့်နိုင်ပြီး တစ်နေ့လျှင် အကြိမ်ရေ တစ်သိန်းအထိ အသုံးပြုနိုင်သည်။ Normal Dispenser များတွင် တစ်မိနစ်လျှင် လီတာ ၅၀ ထည့်နိုင်ပြီး Heavy Duty Dispenserများတွင် တစ်မိနစ်လျှင် လီတာ ၄၅၀ ဖြည့်နိုင်သည်။ လုပ်ငန်းရှင်များအတွက် Station Management Softwareအား မိမိလုပ်ငန်းနှင့် လိုအပ်ချက်အလိုက် Customize ရေးပေးမည် ဖြစ်သည်။ အောက်တိုဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ဝယ်ယူသူများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး PSH Petroleum Equipment ဖုန်း-၆၈၂၉၈၉၊ ၇၃၀၇၅၅၁၀၊ ၀၉- ၈၀၃၃၄၉၉တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ထို့ပြင် ပြခန်းတွင်SETRA ဒစ်ဂျစ်တယ် ကတ္တားကို ပြသထားသည်။ အဆိုပါ ကတ္တားမှာ ပိဿာ၊ ကီလိုဂရမ်၊ ပေါင်ယူနစ် သုံးမျိုးဖြင့် ချိန်တွယ်နိုင်သည်။

SETRA ဒစ်ဂျစ်တယ် ကတ္တားများကို စီထွာဒစ်ဂျစ်တယ်ကတ္တား အရောင်းနှင့် ဆားဗစ်စင်တာ အမှတ်(၁၆၅) (၁၀)လမ်း သီရိမွန်အိမ်ရာ ဘုရင့်နောင်လမ်းဆုံ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၈၀၂၃၀၊ ၅၂၈၅၅၄၊ ၇၂၄၉၂၄ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

ထို့ပြင် ပြခန်းတွင် ရှင်းပို (SHINPO) ရွှေရည်စစ်စက်ကို ပြသရောင်းချလျက်ရှိသည်။ အဆိုပါစက်မှာ ရွှေနှင့် ပလက်တီနမ်အထည်များ၏ ရွှေရည်ကို တိကျလျင်မြန်စွာ စစ်ဆေးပေးနိုင်သည်။ နှစ်ပဲမှ ၁၈ ကျပ်သား (2g မှ 300g) အထိ မှန်ကန်စွာ အသေးစိတ် တွက်ချက်ပေးနိုင်သည်။ အဆိုပါစက်ကို အမှတ်(၄၉) စဉ့်အိုးတန်းလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၄၅၉၇၊ ၀၉-၅၀၉-၅၅၅၃တို့သို့ ဆက်သွယ်မှာယူရရှိနိုင်သည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၏ ဆုရစာစီစာကုံးများနှင့် ကုလသမဂ္ဂဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၄

(၆၅)နှစ်မြောက် ကုလသမဂ္ဂနေ့ (65th ANNIVERSARY UNITED NATIONS DAY) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(MICC)၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားသည်။

အဆိုပါ ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr.Bishow B.Parajuli၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✻

ယနေ့ ကြေးမုံ The Mirror ဆောင်းပါး၊ ကာတွန်း၊ ကဗျာအညွှန်း

❒ သင်သည် ညနေ ၄ နာရီမထိုးမီ မဲရုံထဲမရောက်သည့်တိုင်အောင် မဲရုံပရဝဏ်ထဲ ဝင်ထားမိဖို့လို။ အဘယ်ကြောင့်ဆိုသော် ၄ နာရီ မဲရုံပိတ်သည်ဆိုသော်ငြားလည်း ပရဝဏ်အတွင်း ရောက်နေသူများကိုမူ ၄ နာရီကျော်သည့်တိုင် အားလုံးကုန်စင်အောင် မဲပေးခွင့်ပြုသောကြောင့်ဖြစ်။

ဦးကို၏ "မဲဆန္ဒရှင်များ သိကောင်းစရာ" (ဆောင်းပါး) စာမျက်နှာ-(၁၉)

❒ ဒို့ညီနောင် သွေးချင်းများ
သွားကြစို့ မဲရုံဆီ။
ရွေးကောက်ပွဲ အောင်မြေစခန်းက
တက်လှမ်းရမည်။
မောင်တို့လည်း မကျန်ပြီ
စုံညီစွာ ဆန္ဒပေး။
မယ်တို့လည်း မကျန်ပြီ
စုံညီစွာ ဆန္ဒပေး။

ဇော်မင်းမင်းဦး၏ 'သွားကြစို့ မဲရုံဆီ' (ကဗျာ)စာမျက်နှာ - (၉)

ကျောက်ဆူး၏ ကာတွန်း စာမျက်နှာ-(၈)